# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၁၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၁၈)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားတုံး ထုတ်လုပ်ရေးစက်ရုံ (မုတ္တမ) ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ကြည့်ရှုစစ်ဆေး





ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် မွန်ပြည်နယ်ရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားတုံးထုတ်လုပ်ရေး စက်ရုံ (မုတ္တမ)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၁၀**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မေ ၇ရက် နံနက်ပိုင်းက သထုံတပ်နယ် မိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လက်ဆောင်ပစ္စည်းများပေးအပ်ကာ တပ်နယ်အတွင်းရှိ ဟင်းသီးဟင်းရွက်စိုက်ခင်းများနှင့် ကြက်ဆူစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၅ ကော်လံ ၆* ✳

**မြန်မာ့အလင်း ဆောင်းပါးအညွှန်း**

**နိုင်ငံတော်၏ တာဝန်များကို တာဝန်ယူထမ်းဆောင်နေရသည့် အစိုးရတစ်ရပ်အနေဖြင့် အမိနိုင်ငံတော်ကြီး အစဉ်အမြဲ တိုးတက်ဖြစ်ထွန်းစေရမည် ဟူသည့် ဥပဒေသကို အမြဲလိုက်နာအကောင်အထည်ဖော်ရန် တာဝန်ရှိသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း တည်ဆဲအစိုးရအနေဖြင့် မည်သို့သော အခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့နေရစေကာမူ ယင်းဥပဒေသကို အမြဲကိုင်စွဲပြီး နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်သည်ထက် ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဖော်ဆောင်လျက်ရှိပါသည်။**



ကျော်ရဲမင်း၏ ဆောင်းပါး စာ (၈-၉)

# လယ်ယာကဏ္ဍဖွံ့ဖြိုးဖို့ စက်မှုလယ်ယာကူးပြောင်းစို့



စက်မှုလယ်ယာထုတ် ထွန်စက်ဖြင့် ထယ်ရေးပြင်နေသည့် မော်ဘီမြို့နယ် သာပေါင်းရွာမှ တောင်သူတစ်ဦး လုပ်ငန်းခွင် ဝင်နေမှုကို ဤသို့ တွေ့မြင်ရသည်။ (မြန်မာ့အလင်း)

သတင်းမြင်ကွင်း-မောင်မောင်မြင့်ဆွေ ◆ ဓာတ်ပုံ-ကျော်မြင့်သန်း(လမ်းမတော်) ◆ စာမျက်နှာဖွဲ့စည်းမှု-တိုးလွင် (မြန်မာ့အလင်း)

**ရန်ကုန် မေ ၁၀**

မြန်မာ့လယ်ယာကို စက်မှုလယ်ယာစနစ်သို့ အရှိန်အဟုန်မြင့် ကူးပြောင်းပေတော့မည်။ စက်မှုလယ်ယာသို့ ကူးပြောင်းရာတွင် လိုအပ်သည့် လယ်ယာသုံးစက်ပစ္စည်းများလည်း ထုတ်လုပ်ထားပြီ။ အသစ်တီထွင် ထုတ်လုပ်ထားသည့် လယ်ယာသုံးစက်ပစ္စည်းများကို တောင်သူများလက်ဝယ်သို့ အမြန်ဆုံး ရောက်ရှိရေးအတွက်လည်း စီစဉ်ဆောင်ရွက်နေပြီဖြစ်ရာ အားရဖွယ်ကောင်းသည့် အခြေအနေပင်ဖြစ်သည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ●

**မိုးထစ်ချုန်း ရွာဖွယ်ရာ**

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၁၁ ရက်)

# ဂုဏ်သိက္ခာရှိသော အသိပညာရှင် အတတ်ပညာရှင်ဖြစ်ရန် ကြိုးပမ်း ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာရေး ပြုစုပျိုးထောင်ပေး

နိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးနိုင်စေမည့် သိပ္ပံနည်းပညာရပ်များ၊ အသိဉာဏ်နှင့်ဆင်ခြင်၊ ဆန်းစစ်၊ လေ့လာသုံးသပ်နိုင်စွမ်းပြည့်ဝသည့် ဝိဇ္ဇာပညာရပ်များစသော ပညာရေးပိုင်းဆိုင်ရာ ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရန် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

တစ်ချိန်တည်းတွင် အရည်အချင်းမြင့်မားသော ပညာတတ်များ ပေါ်ထွန်းလာစေရေးကိုလည်း ပညာရေးကဏ္ဍကသာ လေ့ကျင့်မွေးထုတ်ပေးနိုင်ခြင်းကြောင့် ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်က အလေးထား ဖြည့်ဆည်းလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် အမျိုးသားပညာရည်မြင့်မားရေးအတွက် အနှစ် ၃၀ နှစ်ရှည်စီမံကိန်းကို နှစ်တိုငါးနှစ်စီမံကိန်းခြောက်ခုဖြင့် ပိုင်းခြားကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းစီမံကိန်းလုပ်ငန်းများကို ထိရောက်စွာ ဖော်ဆောင်နိုင်သည်နှင့်အမျှ နိုင်ငံတော်အတွင်း ဒေသအလိုက် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာသည့် လူ့စွမ်းအားအရင်းအမြစ်များဖြင့် ခေတ်မီပညာရေးဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ ပေါ်ထွန်းလာမည်ဖြစ်သည်။ တက္ကသိုလ်များ၊ ကျောင်းများ၏ အနှစ်သာရဖြစ်သည့် အရည်အသွေးဆိုင်ရာ သင်ကြားသင်ယူမှုမြင့်မားရေးအတွက် ဆရာ ဆရာမများက ကျွမ်းကျင်ပိုင်နိုင်စွာ စွမ်းဆောင်သွားကြရမည်ဖြစ်သည်။

သင်ယူမှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်မြင့်မားလာစေရေးအတွက် ကျောင်းများ၏ အသွင်သဏ္ဌာန်ဆိုင်ရာ ကျောင်းလုပ်ငန်း စွမ်းဆောင်ချက်များကို နိုင်ငံတော်နှင့်အတူ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ၏ လက်တွဲကူညီမှုဖြင့် ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲများကျင်းပခြင်းဖြင့် ပညာရေးဆိုင်ရာအတွေ့အကြုံ ဗဟုသုတများ တင်သွင်းသည့် စာတမ်းများမှ ပညာရည်အရည်အသွေး မြင့်မားရေးဆိုင်ရာနည်းစနစ်များ၊ တီထွင်ဆန်းသစ်မှုများ၊ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ သင်ခန်းစာများကို ထိရောက်စွာ ပြန်လည်အသုံးချသွားနိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ ၂၁ရာစု ပညာရေးသမိုင်းကို တိုးတက်ဖွံ့ဖြိုးရန် စွမ်းဆောင်နိုင်သည့် ဂုဏ်သိက္ခာရှိသော အသိပညာရှင်များ၊ အတတ်ပညာရှင်များအဖြစ် မော်ကွန်းထိုးနိုင်စေရေးအတွက် ဆရာ ဆရာမများက ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပြီး လူငယ်မောင်မယ်များအကြား မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာရေးကို ပြုစုပျိုးထောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန်တိုင်းကျန်းမာရေးကော်မတီက ကြီးမှူးကျင်းပသော ကမ္ဘာ့လူတုပ်ကွေးရောဂါအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်း အသိပညာပေးဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## ကိုကိုးကျွန်းသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများနှင့် ခရီးသည်များအား တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တွေ့ဆုံမှာကြား၊ ထောက်ပံ့ငွေချီးမြှင့်

ရန်ကုန် မေ ၁၀

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် မေ ၈ ရက် မွန်းတည့် ၁၂ နာရီက သာကေတမြို့နယ်ရှိ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း သာကေတဆိပ်ခံတံတား ခရီးသည်ခန်းမဆောင်၌ ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက် တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ခရီးသည်များအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။**

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီက ကြီးမှူးကျင်းပသော ကမ္ဘာ့လူတုပ်ကွေးရောဂါအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်း အသိပညာပေး ဆွေးနွေးပွဲအခမ်းအနားကို မွန်းလွဲ ၁နာရီခွဲက စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ကျင်းပရာ တိုင်းမှူး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းကျန်းမာရေးဦးစီးဌာနမှူးက ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိုင်းဦးစီးမှူးက ဝက်တုပ်ကွေးရောဂါနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက အသီးသီးဆွေးနွေးတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသော ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို ညနေ ၃ နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် မြေရာဝင်းအတွင်းရှိ အဆောက်အအုံခန်းမ၌ ကျင်းပရာ တိုင်းမှူးတက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

### အလှူငွေပေးအပ်

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

### လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ခန်းမအတွင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းက ပြသထားသော ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၅-၂၀၀၉ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် + ရတနသုတ် |
| ၅း၁၅ | MRTV-4 နံနက်ခင်းသတင်း |
| ၆း၀၀ | **မမေ့အပ်တဲ့လေးဌာန** တရားတော် (အပိုင်း-၂) (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ) |
| ၇း၀၀ | ရတနာသိုက်ရှာပုံတော်(အပိုင်း-၃၁) |
| ၇း၃၀ | The Jetsons |
| ၈း၀၀ | MRTV-4 နံနက်ခင်းသတင်း |
| ၈း၄၅ | အနုပညာမိုးကောင်းကင် |
| ၉း၁၀ | လည်ပင်းအာရုံကြောညှပ်ရောဂါ (အပိုင်း-၁) (ပါမောက္ခ ဒေါက်တာနေဝင်း) |
| ၉း၃၅ | MRTV-4 စာအုပ်စင်ကဏ္ဍ (ဒေါက်တာချစ်နှင့်တွေ့ဆုံခြင်း) |
| ၁၀း၁၅ | စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (လိမ္မော်ဂျယ်လီမစ်ရှိတ် ကျောက်ကျော၊ နို့သစ်ခွကျောက်ကျော) |
| ၁၀း၄၀ | Yangon Panorama (Malasia Ministry of Higher Education Exhibition 2009) |
| ၁၀း၅၀ | Treasure From The Earth (အပိုင်း-၂) |
| ၁၁း၁၅ | စားချင်စဖွယ် နည်းအသွယ်သွယ် (ရှမ်းပိုင်းမြို့မှစွဲမက်ဖွယ်ရာအစားအသောက်များအကြောင်း) |
| ၁၁း၄၀ | တေးဂီတအစီအစဉ် |
| ၁၁း၅၅ | နည်းစနစ်မှန်မှန် ကော်ဖီစိုက်ပျိုးရန် |
| ၁၂း၂၅ | နိုင်ငံတကာ အနုပညာရေးရာ |
| ၁၂း၄၅ | ဆွာချောင်းရေလှောင်တမံ |
| ၁း၀၀ | **မမေ့အပ်တဲ့လေးဌာန** တရားတော် (အပိုင်း-၂) (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ) |
| ၁း၅၅ | Activities in the City (မိုးကုတ်ကျောင်းသူ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ) |
| ၂း၁၅ | Art Vision (The Second Art Tree Exhibition) |
| ၂း၃၀ | တုန့်နှိုင်း၍မယှဉ်သာသော |
| ၂း၄၅ | Study Guide (O.E.S.C Training Center) |
| ၃း၁၅ | ရိုးရာအလုပ်မှာ နှီးတောင်းနှီးဖျာ |
| ၃း၃၀ | ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Yangon Florist & Gift) |
| ၃း၄၅ | PC လုံခြုံရေး |
| ၄း၀၀ | တေးဂီတအစီအစဉ် |
| ၄း၂၀ | Box Office Movies (Wall-E) |
| ၄း၄၀ | Activities in the City (မိုးကုတ်ကျောင်းသူ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ) |
| ၅း၀၀ | MRTV-4 စာအုပ်စင်ကဏ္ဍ (ဒေါက်တာချစ်နှင့်တွေ့ဆုံခြင်း) |
| ၅း၃၅ | တုန့်နှိုင်း၍မယှဉ်သာသော |
| ၆း၀၀ | MRTV-4 ညနေခင်းသတင်း |
| ၆း၁၅ | အနုပညာမိုးကောင်းကင် |
| ၆း၄၀ | ဂီတသံစဉ်အလှဆင် (ခင်ယုမေ) |
| ၇း၀၀ | Yangon Panorama (Malasia Ministry of Higher Education Exhibition 2009) |
| ၇း၂၅ | Fashion Fever (ဒီဇိုင်နာ ခင်စန်းဝင်း၏ မြန်မာသတို့သမီးဝတ်စုံဖက်ရှင်) |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၁၅ | စားချင်စဖွယ်နည်းအသွယ်သွယ် (ရှမ်းပိုင်းမြို့မှစွဲမက်ဖွယ်ရာအစားအသောက်များအကြောင်း) |
| ၈း၄၀ | နိုင်ငံတကာ အနုပညာရေးရာ |
| ၉း၀၀ | အလှတရား၏လျှို့ဝှက်ချက် |
| ၉း၂၀ | Box Office Movies (Wall-E) |
| ၉း၃၀ | ရတနာသိုက်ရှာပုံတော်(အပိုင်း-၃၁) |
| ၁၀း၀၀ | ကဏ္ဍစုံလင် အားကစားအစီအစဉ် |
| ၁၁း၄၅ | Fashion Fever (ဒီဇိုင်နာ ခင်စန်းဝင်း၏ မြန်မာသတို့သမီးဝတ်စုံဖက်ရှင်) |
| ၁၂း၁၅ | ဂီတသံစဉ်အလှဆင် (ခင်ယုမေ) |
| ၁၂း၃၀ | လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ မြန်မာ့ရိုးရာအနုပညာ (ပန်းချီပညာဌာနအကြောင်း သိကောင်းစရာများ) |
| ၁၂း၅၀ | ဆွာချောင်းရေလှောင်တမံ |
| ၁း၀၀ | အစီအစဉ်ပြီး။ |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**Barclay Premier League ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁း၂၄ | Newcastle-Middlesbrough | ESPN (Live) |

## မြဝတီ ရုပ်မြင်သံကြား

၁၁-၅-၂၀၀၉ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်** |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄း၁၅ | ၄။ | ချိုမြလက်သံငြိမ့်ညောင်းဟန် |
| ၄း၂၀ | ၅။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၂၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၄း၄၀ | ၇။ | **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်** |
| ၄း၅၀ | ၈။ | ဗွီစီဒီကျော်ကြားတေးများ |
| ၅း၄၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၃။ | လှျပ်တစ်ပြက် |
| ၆း၄၀ | ၁၄။ | သွက်လက်လှုပ်ရှား ကစားစို့လား |
| ၇း၀၀ | ၁၅။ | ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်ခုန်သံနေ့ရက်များဆီသို့** (အပိုင်း-၁) |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | အမျိုးသားရေးတေးကဗျာ |
| | ၁၉။ | Talk of the Town |
| | ၂၀။ | မေးမြန်းစူးစမ်း |
| | ၂၁။ | သီဆိုဖြေဖျော် တစ်ကိုယ်တော် |
| | ၂၂။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၃။ | ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၅၁) |





# ပြည်-ပေါက်ခေါင်း-အုတ်တွင်း-တောင်ငူလမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်းများ

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ကြည့်ရှုစစ်ဆေး

**ကြည့်ရှုစစ်ဆေး**

**ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ခပေါင်းကြို့ပြင် ကာကွယ်တော်ရှိ ကျွန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

နေပြည်တော် မေ ၁၀

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၉ရက် နံနက် ၇နာရီခွဲတွင် ပဲခူးတိုင်း ပြည်မြို့နယ် ငါးရွာကျေးရွာအုပ်စု လယ်တော်ကြီးကွင်း၌ မြို့နယ်ဘက်စုံလယ်ယာစိုက်ပျိုးရေးစနစ်ဖြင့် ဆောင်ရွက်ထားရှိသော နွေစပါးစိုက်ခင်းများ၊ ရာသီသီးနှံများနှင့် ပန်းစိုက်ခင်းများ၊ ငါးကန်၊ ဝက်ခြံ၊ ကြက်ခြံ၊ ဘဲခြံ၊ နွားခြံ၊ မှိုမွေးမြူရေးနှင့် ဇီဝဓာတ်ငွေ့ပေါင်းအိုးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဇီဝဓာတ်ငွေ့ဖြင့် ထမင်း၊ ဟင်းချက်ပြုတ်နေမှု၊ နေအိမ်မီးထွန်းထားမှုတို့ကို ကြည့်ရှုအားပေးသည်။**

ထို့နောက် တောင်သူကြီးဦးလှမိုးက ဘက်စုံလယ်ယာစိုက်ပျိုးရေးစနစ် ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒုတိယဥက္ကဋ္ဌက ဖြည့်စွက်တင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များကိုမှာကြားပြီး တာဝန်ရှိသူများက ဇီဝဘက်ထရီဖြင့် မီးထွန်းနိုင်မှုများ၊ ရေလှုံ့တွင်းများမှရေဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးထားမှုများကို ရှင်းလင်းပြသကြသည်။

### စံချိန်စံညွှန်း

ထို့နောက် ပေါက်ခေါင်းမြို့နယ် ရွာပုကျေးရွာရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၇)အင်ဂျင်နီယာမှူးရုံးသို့ ရောက်ရှိရာ အင်ဂျင်နီယာမှူးနှင့် တာဝန်ရှိသူများက ပြည်-ပေါက်ခေါင်း-အုတ်တွင်း-တောင်ငူလမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်ကိုကိုက သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစေရေး မှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းစီစဉ်ပေးသည်။

ထိုမှတစ်ဆင့် နယ်ခြားဘော်ဒါကျေးရွာသို့ရောက်ရှိရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုသည် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် အုတ်တွင်းမြို့နယ် ခပေါင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြား၍ ကျောင်းသုံးဗလာစာအုပ်များ၊ အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

### အဝတ်အထည်များပေးအပ်

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကိုသည် ရွှေတောင်ငွေတောင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ကျောင်းသုံးဗလာစာအုပ်များ၊ အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုသည် မိုင်တိုင် (၆၅/၄)နှင့် (၆၅/၅)အကြား လမ်းသားတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မိုင်တိုင်(၈၀/၁)တွင် လမ်းအခြေခံလွှာ ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် မိုင်တိုင်(၉၆/၇)သို့ ရောက်ရှိပြီး သစ်တောဦးစီးဌာန ခပေါင်းကြို့ပြင် ကာကွယ်တော အကွက်အမှတ်(၁၇)၌ ကျွန်းစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုရာ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးက တိုင်းအတွင်းရှိ ပုဂ္ဂလိက စိုက်ခင်းများ စိုက်ပျိုးထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်(၉၆/၇)နှင့် (၉၇)အကြား၌ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

### စစ်ဆေးကြည့်ရှု

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပြည်-ပေါက်ခေါင်း-အုတ်တွင်း-တောင်ငူ ကားလမ်းတစ်လျှောက် ကားလမ်းကြံ့ခိုင်ကောင်းမွန်မှုကို စစ်ဆေးကြည့်ရှုပြီး ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိသည်။ **(သတင်းစဉ်)**

# ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့်

## ကွန်ပျူတာ ပန်းချီ/ပိုစတာပြိုင်ပွဲများ ဖိတ်ခေါ်

ရန်ကုန် မေ ၁၀

**မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၀၉ ခုနှစ် ဇွန် ၂၆ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ/ ပိုစတာပြိုင်ပွဲအတွက် စာမူနှင့် လက်ရာများကို ဖိတ်ခေါ်ထားသည်။**

မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှုပပျောက်ရေးကို ရည်ရွယ်လျက် ဦးတည်ချက်ဆောင်ပုဒ်များမှာ မူးယစ်အန္တရာယ်လူ့ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက်၊ ဘဝအလှကိုပြုစု မူးယစ်ဆေးဝါး ဖျက်ကွယ်ပြု၊ မူးယစ်အကြမ်းဖက်အကျင့်ပျက် အမှန်တရားဖြင့်တိုက်ဖျက်၊ အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေးတို့ဖြစ်သည်။

### စာလုံးရေကန့်သတ်ချက်

ပြိုင်ပွဲအတွက် ကန့်သတ်ထားသော သတ်မှတ်ချက်များမှာ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ တစ်ဦးလျှင် စာမူတစ်စောင်စီကို ကွန်ပျူတာ/လက်ရေးဖြင့် စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေးကာ မူရင်းနှင့် မိတ္တူ ပေါင်းနှစ်စောင် တင်သွင်းရမည်။ စာလုံးရေကန့်သတ်ချက်မှာ ၃၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်သည်။

ကဗျာပြိုင်ပွဲကို အလွတ်တန်း တစ်မျိုးတည်းသာထားရှိ၍ တစ်ဦးလျှင် စာမူတစ်စောင်စီကို ကွန်ပျူတာ/လက်ရေးဖြင့် စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေးကာ မူရင်းနှင့် မိတ္တူ ပေါင်းနှစ်စောင် တင်သွင်းရမည်။ ပြိုင်ပွဲဝင်ကဗျာသည် စပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀ အတွင်း ရှိရမည်။

တေးသီချင်းပြိုင်ပွဲကို အလွတ်တန်း တစ်မျိုးတည်းသာထားရှိ၍ တစ်ဦးချင်း သို့မဟုတ် အဖွဲ့နှင့် သီဆိုနိုင်သော တေးသီချင်းဖြစ်ပြီး ကိုယ်ပိုင်သံစဉ်တေးသွား သီချင်းသစ်ဖြစ်ရမည်။ သံစဉ်ရေးစာသားပါ အကြောင်းအရာတင်ပြပုံ၊ ဦးတည်ချက်မှန်ကန်၍ စကားလုံး ကျစ်လျစ် ထိရောက်ရမည်။ ပြိုင်ပွဲဝင်တစ်ဦးလျှင် တေးသီချင်းတစ်ပုဒ်သာ ယှဉ်ပြိုင်ခွင့်ပြုပြီး ပြိုင်ပွဲဝင်မည့် အပြီးသတ် အချောသွင်းထားပြီးဖြစ်သော CD Master နှင့်အတူ စာသားကို ကွန်ပျူတာ/ လက်နှိပ်စက်ဖြင့် မူရင်းနှင့် မိတ္တူနှစ်စောင်ကို ဂီတသင်္ကေတမူရင်းတစ်စောင်နှင့်အတူ ပေးပို့ရမည်။

### ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ

ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် ပတ်သက်၍ တစ်ဦးလျှင် တစ်ပုံသာယှဉ်ပြိုင်ခွင့်ပြုပြီး မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဟူ၍ အဆင့်သုံးဆင့် ယှဉ်ပြိုင်ခွင့်ပြုသည်။ မူလတန်းအဆင့် (၃၊ ၄) တန်း၊ အလယ်တန်းအဆင့် (၅၊ ၆၊ ၇၊ ၈)တန်းနှင့် အထက်တန်းအဆင့် (၉၊ ၁၀) တန်း ယှဉ်ပြိုင်ခွင့်ပြုသည်။ အတန်းအထောက်အထားအတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် ပြည်နယ်၊တိုင်း မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များက ဦးစီးကျင်းပမည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရမည်။ နှစ်သက်ရာဆေးကိုသာယူလာပြီး နှစ်သက်ရာ နည်းဖြင့် ပန်းချီ၊ ပိုစတာရေးဆွဲချိန် သုံးနာရီ၊ ကာတွန်းရေးဆွဲချိန် နှစ်နာရီသတ်မှတ်၍ သရုပ်ဖော်ရေးဆွဲပြီး ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။

### ဓာတ်ပုံပြိုင်ပွဲ

ဓာတ်ပုံပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ ပြိုင်ပွဲဝင်တစ်ဦးလျှင် မိမိကိုယ်တိုင်ရိုက်ကူးထားသော (၁၀×၁၄)လက်မအရွယ် ဆေးရောင်စုံဓာတ်ပုံလေးပုံအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးယှဉ်ပြိုင်နိုင်ပြီး ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြုပြင်ထားခြင်းမရှိရ။ နဂဂတစ် သို့မဟုတ် စလိုက် သို့မဟုတ် ဒစ်ဂျစ်တယ်ပုံဖြစ်ပါက EXIF Data အပြည့်အစုံပါသော Original Raw File သို့မဟုတ် 300 dpi Resolution ရှိ (၁၀×၁၄)လက်မအရွယ် Tiff File CD-R ဖြင့် ထည့်သွင်း၍ပေးပို့ရန်နှင့် အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသောပုံမဖြစ်စေရ။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် အထူးဆုနှစ်ဆုအထိသာ ခံစားခွင့်ရှိသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများ၏ နောက်ကျောတွင် ဓာတ်ပုံပညာရှင်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ မိမိကိုယ်တိုင်ရိုက်ကူးပြီး ဆုမရရှိဖူးကြောင်း ဝန်ခံချက်အား ဓာတ်ပုံတစ်ပုံချင်း၏ နောက်ကျောတွင် ရေးသားလက်မှတ်ရေးထိုး၍ ပေးပို့ရမည်။

### ကွန်ပျူတာပန်းချီပြိုင်ပွဲ

ကွန်ပျူတာပန်းချီပြိုင်ပွဲကို ပြည်နယ်၊တိုင်းအလိုက် အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်ဟူ၍ နှစ်ဆင့်ခွဲပြီး ကျင်းပမည်ဖြစ်သည်။ အလယ်တန်း အဆင့်အတွက် (၅၊ ၆၊ ၇) တန်း၊ အထက်တန်းအဆင့်အတွက် (၈၊ ၉၊ ၁၀)တန်း ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး စည်းကမ်းချက်များမှာ-

**ကွန်ပျူတာပန်းချီပြိုင်ပွဲကို IBM ကွန်ပျူတာအမျိုးအစားဖြင့် ရေးဆွဲရန်၊**
**(Software Programme ကို Corel-draw, photoshop, Clarif office ကြိုက်ရာ တစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်သည်။)**
**ရေးဆွဲချိန် နှစ်နာရီ သတ်မှတ်ရန်၊**
**CD ဖြင့် ကူးယူ၍ ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပေးပို့ရန်။**

ကွန်ပျူတာပိုစတာပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာ သတ်မှတ်ပြီး အသက် (၁၅)နှစ်အထက် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာ ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင် CDများအား ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်၊တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှတစ်ဆင့် ထောက်ခံချက်ဖြင့် ပေးပို့ရမည်။

ပြိုင်ပွဲဝင်များသည် ပတ်စ်ပို့အရွယ်ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသား/နိုင်ငံသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်းချုပ်၊ မိမိကိုယ်တိုင် သီကုံးရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းဝန်ခံချက် စသည်တို့ကို ပူးတွဲပေးပို့ရမည်။

ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲအတွက် ပြည်နယ်၊တိုင်းများမှ ဝင်ရောက်ယှဉ်ပြိုင်သူများသည် သက်ဆိုင်ရာ ပြည်နယ်၊တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။

### နောက်ဆုံးထားပေးပို့

ပြိုင်ပွဲဝင် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများ တေးသီချင်းများနှင့် ဓာတ်ပုံများကို ဒုတိယရဲမှူးကြီးထွန်းဝေ၊ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် (ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ပြိုင်ပွဲအလိုက် သတ်မှတ်နေ့ရက်များအရောက် နောက်ဆုံးထား တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာလက်ရာများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များမှတစ်ဆင့် ထောက်ခံချက်ဖြင့် ပေးပို့ရမည်။

| | |
|---|---|
| **ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ဓာတ်ပုံ** | **၂-၆-၂၀၀၉ ရက် အရောက်** |
| **ပန်းချီ၊ ကာတွန်း၊ ပိုစတာ** | **၁၀-၆-၂၀၀၉ ရက် အရောက်** |
| **ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ၊ တေးသီချင်း** | **၂၅-၅-၂၀၀၉ ရက် အရောက် ပေးပို့ရမည်။** |

စာမူနှင့်လက်ရာများကို ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများအဖြစ် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသော စာမူနှင့်လက်ရာများကို ဇွန် ၁၈ရက်တွင် ကြေညာ၍ ပထမ၊ ဒုတိယနှင့် တတိယဆုရသူများကို မူးယစ်ဗဟိုသို့ဖိတ်ခေါ်ပြီး ဇွန် ၂၆ရက်တွင် အခမ်းအနားဖြင့် ဆုချီးမြှင့်မည်ဖြစ်သည်။ အထူးဆုရရှိသူများအား သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းများမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားများတွင် ဆုချီးမြှင့်မည်ဖြစ်သည်။

### လွတ်လပ်စွာ

ရွေးချယ်ခြင်းမခံရသော စာမူများ၊ လက်ရာများ၊ တေးသီချင်းများကို ပြန်လည်ပေးပို့မည်မဟုတ်ကြောင်းနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှုပပျောက်ရေးကို ဦးတည်ချက်ဆောင်ပုဒ်များ သတ်မှတ်ထားသော်လည်း မူးယစ်ဆေးဝါးပပျောက်ရေးကို ဦးတည်သည့် မည်သည့်သီကုံးရေးဆွဲရိုက်ကူးမှုကိုမဆို လွတ်လပ်စွာပြုလုပ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အမေရိကန် စစ်ဆင်ရေးရပ်ရန် အာဖဂန်သမ္မတတိုက်တွန်း

ဝါရှင်တန် မေ ၁၀

အာဖဂန်နစ္စတန်နိုင်ငံအတွင်း လေကြောင်းတိုက်ခိုက်မှုများကို ရပ်ဆိုင်းရန် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက အမေရိကန်နိုင်ငံကို မေ ၈ရက်က တိုက်တွန်းလိုက်သည်။

ထိုစစ်ဆင်ရေးများ အဆုံးသတ်ရန်နှင့် လေကြောင်းတိုက်ခိုက်မှုများ ရပ်ဆိုင်းရန် သမ္မတဟာမစ်ကာဇိုင်းက စီအင်န်အင်န်နှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။

အမေရိကန်လေကြောင်း တိုက်ခိုက်မှုကြောင့် ၁၄၇ဦးသေဆုံးခဲ့သည်ဟု အာဖဂန်နစ္စတန်အရာရှိများက ပြောကြားပြီးနောက် စစ်ဆင်ရေး အဆုံးသတ်ရန် သမ္မတကာဇိုင်းက တိုက်တွန်းခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ



ကိုရီးယားသမ္မတနိုင်ငံ ကွမ်ချောင်ပြည်နယ်၌ ကျင်းပသည့် ၂၀၀၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ကားပြပွဲ၌ လာရောက်ကြည့်ရှုသူများအား မေ ၉ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

## ဗီယက်နမ်နှင့် ဂျပန်နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်

ဟန္နိုင်း မေ ၁၀

ဗီယက်နမ်နိုင်ငံမှ ကာကွယ်ရေးဝန်ကြီး ပြုံကွမ်တောင်နှင့် ဂျပန်နိုင်ငံမှ ဒုတိယကာကွယ်ရေးဝန်ကြီး နိုဘူကီရှိတို့သည် နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် မေ ၅ရက်က ဂျပန်နိုင်ငံ၌ တွေ့ဆုံဆွေးနွေးကြောင်း ဗီယက်နမ်နယူးစ်အေဂျင်စီက သတင်းထုတ်ပြန်သည်။

### ဆွေးနွေးပြောကြား

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲ၌ နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးများ နှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် ဒေသတွင်းလုံခြုံမှု၊ နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ စစ်ဘက်ဆိုင်ရာ အပြန်အလှန်ဆွေးနွေးမှုနှင့် လေ့ကျင့်မှုတို့ကို ဆွေးနွေးပြောကြားသည်။

(အင်တာနက်)

## အမေရိကန်တို့ လေကြောင်းမှတိုက်ခိုက်မှု သမ္မတအိုဘားမားအား ဟူဂိုချာဗက်ဇ်ဝေဖန်

ကာရာကတ် မေ ၁၀

**အာဖဂန်နစ္စတန်နိုင်ငံတွင် အရပ်သားများ သေဆုံးရသည့် အမေရိကန်လေကြောင်း တိုက်ခိုက်မှုများနှင့် စပ်လျဉ်း၍ ဗင်နီဇွဲလား သမ္မတဟူဂိုချာဗက်ဇ်က အမေရိကန်သမ္မတ အိုဘားမားအား မေ ၈ရက်က အပြင်းအထန် ဝေဖန်လိုက်သည်။**

### ဝေဖန်

ဗင်နီဇွဲလား သမ္မတ ချာဗက်ဇ်နှင့် အမေရိကန်သမ္မတ အိုဘားမားတို့ ဆက်ဆံရေးဆွေးနွေးသည့် လက္ခဏာအဖြစ် လက်ဆွဲနှုတ်ဆက်ကြပြီး ရက်သတ္တ အနည်းငယ်အတွင်းမှာပင် ဗင်နီဇွဲလား သမ္မတချာဗက်ဇ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

### ပြောကြား

တာလီဘန် စစ်သွေးကြွများအား အမေရိကန်စစ်သင်္ဘောများက ယခု ရက်သတ္တပတ် တိုက်ခိုက်စဉ် အရပ်သား ၁၄၇ဦး သေဆုံးခဲ့ကြောင်း အာဖဂန်နစ္စတန် အရာရှိများက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှ နိုင်ငံတကာ အာကာသစခန်းသို့ ဟူဘယ်လ် အဏုကြည့်မှန်ပြောင်း ပြုပြင်ရန်အတွက် အာကာသယာဉ်မှူး ခုနစ်ဦးနှင့်အတူ လွှတ်တင်မည့် အတ္တလန္တစ် လွန်းပြန်ယာဉ်ကို မေ ၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



## ဆယ်ကျော်သက် ရာဇဝတ်ဂိုဏ်းသား ပြိုင်ဘက်ဂိုဏ်းဝင် ညီဖြစ်သူကိုပစ်သတ်

ဂွာတီမာလာစီးတီး မေ ၁၀

ဂွာတီမာလာနိုင်ငံတွင် ဗဟိုအမေရိကဒေသကို လွှမ်းမိုးချုပ်ကိုင်ရေး အပြိုင်ကြိုးပမ်းနေသည့် ရာဇဝတ်ဂိုဏ်းနှစ်ဂိုဏ်းအနက် တစ်ဂိုဏ်းမှ ဆယ်ကျော်သက်ဂိုဏ်းဝင် ဟက်တာ ၁၈နှစ်က ပြိုင်ဘက်ဂိုဏ်းဝင် ညီဖြစ်သူ ဆီဇာ ၁၃နှစ်အား သေနတ်ဖြင့် ပစ်သတ်လိုက်ကြောင်း ရဲတပ်ဖွဲ့က မေ ၈ရက်တွင် ကြေညာသည်။

### အငြင်းအခုံ

ယင်းသို့လူသတ်မှု မကျူးလွန်မီ ရက်အနည်းငယ်အတွင်းကပင် ညီအစ်ကိုနှစ်ဦးကြား အငြင်းအခုံများ ဖြစ်ပွားခဲ့သည်ဟုဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ



### သဲပန်းပုပွဲတော်

ရုရှားနိုင်ငံ မော်စကိုမြို့တွင်ကျင်းပသည့် သဲပန်းပုပွဲတော်၌ အမေရိကန်နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ပြသထားသည့် လက်ရာရုပ်တုကို မေ ၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

## ဖလော်ရီဒါပြည်နယ်၌ လေယာဉ်ငယ်နှစ်စင်းတိုက်မိ နှစ်ဦးသေဆုံး

ဝါရှင်တန် မေ ၁၀

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် လန်တာနာလေဆိပ်၌ မေ ၆ရက်က လေယာဉ်ငယ်နှစ်စင်း တိုက်မိခဲ့ရာ နှစ်ဦးသေဆုံးခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

### ဝင်တိုက်မိ

လေဆိပ်သို့လေယာဉ်ဆီပြတ်တောက်မှုကြောင့် အရေးပေါ်ဆင်းသက်လာသည့် လေယာဉ်ငယ်မှာ လေဆိပ်အတွင်း ရပ်နားထားသည့် အခြားလေယာဉ်ငယ်တစ်စင်းကို ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။

### ဒဏ်ရာရမှုမရှိ

သေဆုံးသူ နှစ်ဦးလုံးမှာ အရေးပေါ်ဆင်းသက်လာသည့် လေယာဉ်ငယ်မှဖြစ်ကြောင်း လန်တာနာ လေယာဉ်ကွင်းအတွင်းရှိ တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာမရရှိကြောင်း သိရသည်။

(အင်တာနက်)

## ဗြိတိသျှ တပ်ဖွဲ့ဝင်လေးဦး အာဖဂန်တောင်ပိုင်း၌ သေဆုံး

လန်ဒန် မေ ၁၀

**အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် ကင်းလှည့်စဉ် ဗြိတိသျှတပ်ဖွဲ့ဝင် လေးဦး တစ်ရက်တည်းမှာပင် သေဆုံးကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက မေ ၈ရက်တွင် ကြေညာသည်။**

### အများဆုံး

၂၀၀၈ ခုနှစ် ဇွန်လနောက်ပိုင်း တစ်ရက်တည်းမှာပင် ဗြိတိသျှတပ်ဖွဲ့ဝင် အသေအပျောက် အများဆုံးဖြစ်ကြောင်း သိရသည်။

### သေဆုံး

ဟယ်လ်မန့်ပြည်နယ်အတွင်း သီးခြားဖြစ်စဉ်သုံးခုတွင် တပ်ဖွဲ့ဝင် လေးဦးသေဆုံးကြရခြင်း ဖြစ်သည်။ ၎င်းတို့လေးဦးအပါအဝင် အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုနှစ်အတွင်း သေဆုံးသူ ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေ ၂၀ရှိသွားပြီဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

## ကန်တို့ လေကြောင်းမှတိုက်ခိုက်မှုကြောင့် အာဖဂန်၌ ဆန္ဒပြသူများအားထိန်းသိမ်းခဲ့ရ

ကဘူးလ် မေ ၁၀

အမေရိကန်လေကြောင်း တိုက်ခိုက်မှုကြောင့် အာဖဂန်နစ္စတန်အရပ်သားများ သေဆုံးရမှုကို ဒေါသထွက်နေကြသည့် ဆန္ဒပြသမားများအား မေ ၇ရက်တွင် အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့က သေနတ်ပစ် ထိန်းသိမ်းရာတွင် ဆန္ဒပြသူတစ်ဦး သေနတ်ဒဏ်ရာရရှိကြောင်း သိရသည်။

### ပစ်ခတ်တားဆီး

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဖာရာမြို့ရှိ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ခြံဝင်းအတွင်း အဓမ္မဝင်ရောက်လာနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်တားဆီးရခြင်းဖြစ်ကြောင်း ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး ယူနပ်ရာဆူလီက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်း၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ ၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)




# သဘာဝ ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေး ဆောင်ရွက်

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှော်ကားသစ်တောကြိုးဝိုင်းနှင့် လှော်ကားဥယျာဉ်အတွင်း သစ်တောကြိုးဝိုင်းများ ပြုစုထိန်းသိမ်းစောင့်ရှောက်ထားမှု၊ သဘာဝ ဝန်းကျင်နှင့် သား ငှက်တိရစ္ဆာန် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# လှော်ကားသစ်တောကြိုးဝိုင်းနှင့် လှော်ကားဥယျာဉ်အတွင်း သစ်တောကြိုးဝိုင်း၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးလုပ်ငန်းများ

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့မွန်းလွဲ ၂ နာရီက လှော်ကားသစ်တောကြိုးဝိုင်းနှင့် လှော်ကားဥယျာဉ်အတွင်း သစ်တောကြိုးဝိုင်းများ ပြုစုထိန်းသိမ်း စောင့်ရှောက်ထားမှု၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်-လှော်ကားရှာ ကားလမ်းဘေးရှိ လှော်ကားဥယျာဉ် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရှေးဦးစွာ တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက လှော်ကားသစ်တောကြိုးဝိုင်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန လှော်ကားဥယျာဉ် အုပ်ချုပ်ရေးမှူးက တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းပြုစုစောင့်ရှောက်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက သဘာဝပတ်ဝန်းကျင်မပျက်စီးစေဘဲ ဥယျာဉ်အားအဆင့်မြှင့် ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းပြည်ပမှ ဧည့်သည်များ ပိုမိုဝင်ရောက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါလျက် လှော်ကား ဥယျာဉ်အတွင်း သဘာဝပတ်ဝန်းကျင်နှင့် သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှု၊ သားငှက်တိရစ္ဆာန်ထိန်းသိမ်းပြုစုစောင့်ရှောက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

* *ရှေ့ဖုံးမှ*

### ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ဈေးမသွယ်ကျေးရွာ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ပြည်နယ် ညွှန်ကြားရေးမှူးက လမ်းနှင့်တံတား ဆောင်ရွက်ထားရှိမှုနှင့် ကျောက်ချောခင်းခြင်း လုပ်ငန်း ဆောင်ရွက်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်က လိုအပ်သည်များ မှာကြားပြီး လမ်းလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ပေါင်မြို့နယ် သဲအိမ်ကျေးရွာ တိုက်နယ်ဆေးရုံ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ပေါင်မြို့နယ် မုတ္တမမြို့ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားတုံး ထုတ်လုပ်ရေးစက်ရုံ (မုတ္တမ)၌ ကွန်ကရစ် ဇလီဖားတုံးများ ထုတ်လုပ်နေမှုနှင့် သံလမ်းထိန်းကလစ်များ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိကြပြီး မြို့၏ သန့်ရှင်းသာယာလှပမှုများကို ကြည့်ရှုစစ်ဆေးကာ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

# အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုကပွဲ ကျင်းပ

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံအာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်းကကြီးမှူး၍အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှု ကပွဲကို ယမန်နေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

### တက်ရောက်

အဆိုပါ ကပွဲသို့ မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ နာယကအဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်မြင့်မြင့်စိုး၊ ဒုတိယဝန်ကြီး၏ဇနီး ဒေါက်တာ ဒေါ်ခင်မြဝင်း၊ အသင်း၏ အလုပ်အမှုဆောင် ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၏ ဇနီးများ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ သံအမတ်ကြီးများ၏ ဇနီးများနှင့် သံရုံးအကြီးအကဲများ၏ ဇနီးများ၊ အသင်းဝင်များနှင့်တာဝန်ရှိသူများ၊ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### အမှာစကား

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူ သမ္မတနိုင်ငံ သံအမတ်ကြီး၏ဇနီး မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Madam Hisayo Chua က အမှာစကား ပြောကြားသည်။

### ဖျော်ဖြေတင်ဆက်

ထို့နောက်အာဆီယံသံရုံးများ၊ကျန်သံရုံးများနှင့် အနုပညာဦးစီးဌာနတို့မှ ဖျော်ဖြေတင်ဆက် ကပြကြရာ ထိုင်းကောင်းချီးမင်္ဂလာနှင့် ရိုးရာအကများ၊ စင်ကာပူဘဲလေးအက၊ ဖိလစ်ပိုင် အင်္ဂလိပ်သီချင်းနှင့် ဖိလစ်ပီနိုအက၊ အင်ဒိုနီးရှား ဘာလီအကနှင့် ဂျိုင်ဖုံဂန်အက၊ မလေးရှား အင်နန်ဘန်ဂါရန်ပိုင် အက၊ ရုရှားကာဒရီအက၊ ကိုရီးယား သမ္မတနိုင်ငံမှ အကနှင့် တိုက်ကွမ်ဒို၊ ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသီချင်း၊ ဘင်္ဂလားဒေ့ရှ် သီချင်း၊ အကများနှင့် မြန်မာ့ရိုးရာ ပုဂံနန်းတွင်းအက၊ ရှမ်းရိုးရာ အက၊ ကရင်ဒုံးအက စသည်ဖြင့် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

### ဂုဏ်ပြုပန်းခြင်းပေး

ဖျော်ဖြေတင်ဆက်ပွဲအပြီးတွင်တင်ဆက် ကပြကြသော အနုပညာရှင်များအား မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေး အသင်း၏နာယကဒေါ်မြင့်မြင့်စိုးကဂုဏ်ပြုပန်းခြင်းများကို ပေးအပ်သည်။

### ကပြ

အဆိုပါ နိုင်ငံတကာယဉ်ကျေးမှုကပွဲသို့ အာဆီယံသံရုံးများ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးများနှင့် အနုပညာ ဦးစီးဌာနတို့မှ ယဉ်ကျေးမှု အကများဖြင့် ပါဝင် ဖျော်ဖြေတင်ဆက် ကပြကြသည်။ (သတင်းစဉ်)



# ပန်းလှိုင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ရွှေပြည်သာတွင် ဖွင့်လှစ်

ရန်ကုန် မေ ၁၀

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ အမှတ်(၇)ရပ်ကွက် ပန်းလှိုင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မေ ၁၀ရက် နံနက် ၈နာရီခွဲက ကျင်းပသည်။

### ဆွေးနွေးပြောကြား

ဖွင့်ပွဲအခမ်းအနားကို မြို့နယ်ဥက္ကဋ္ဌ ဦးညီညီအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြအေးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်လွင်လတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)** မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် စာကြည့်တိုက်ရေရှည်တည်တံ့ရေး ဆွေးနွေးပြောကြားသည်။

### လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်၊ စာစောင်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ




မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်မြင့်မြင့်စိုးနှင့်အဖွဲ့ဝင်များ၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၏ ဇနီးများနှင့် သံရုံးအကြီးအကဲများ၏ဇနီးများ၊ အသင်းဝင်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံအာဆီယံ အမျိုးသမီးများချစ်ကြည်ရေးအသင်းက ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုကပွဲ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)





## နဂါး ဘီလပ်မြေစက်ရုံ တည်ဆောက်မှု

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် နဂါးဘီလပ်မြေစက်ရုံ(တီကျစ်)တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

# ပင်လောင်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ဒေသခံပြည်သူများနှင့် ပေါင်းစပ်ဆောင်ရွက်

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ပင်လောင်းမြို့၌ ဒေသခံပြည်သူများအား တွေ့ဆုံမှာကြား

နေပြည်တော် မေ ၁၀

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၆ ရက် နံနက်ပိုင်းက ပင်လောင်းမြို့နယ် ယင်းမီကျေးရွာရှိ တောင်သူဦးဉာဏ်၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော လိမ္မော်ပင်များ၊ စိန်တစ်လုံးသရက်ပင်များ၊ တောင်သူ ဦးတီး၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော လက်ဖက်ပင်များနှင့် လက်ဖက်ခူးနေမှုများကို ကြည့်ရှုစစ်ဆေးကာ အထွက်နှုန်း တိုးတက်ကောင်းမွန်စေရန် စိုက်နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးပြီး သဘာဝမြေသြဇာကျွေး၍ ရေရရှိရေးဆောင်ရွက်ပေးရန် မှာကြားသည်။**

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဦးထွန်းဟန်၏ စိန်ဟသ်ာ လက်ဖက်ခြောက်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လက်ဖက်စိုက်ပျိုး ထုတ်လုပ်ရာတွင် နည်းစနစ်မှန်ကန်ရေး မှာကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ပင်လောင်းမြို့ စုပေါင်းရုံးခန်းမ၌ ဒေသခံများနှင့် တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌက ပင်လောင်းမြို့နယ်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ပြင်ဆင်ထိန်းသိမ်း

ဆက်လက်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) အင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ရှိသူများက အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော်လမ်း ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### ကြိုးစားဆောင်ရွက်

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က ပင်လောင်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

### အားပေးစကားပြောကြား

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ပင်လောင်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာများကို အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ခွဲစိတ်ခန်း၊ဓာတ်ခွဲခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်မှန်ခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ဆေးရုံအတွက် ဆေးဝါးများကို ဆေးရုံတာဝန်ခံထံပေးအပ်သည်။

### လိုအပ်ချက်များမှာကြား

မွန်းလွဲပိုင်းတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးရေးပညာပေးဌာနခွဲ လက်ဖက်မျိုးပွားခြံသို့ ရောက်ရှိရာ ခြံမန်နေဂျာက ဥယျာဉ်ခြံလုပ်ငန်းနှင့်လက်ဖက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်မင်းအောင်လှိုင်က လိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ပင်လောင်းရှေ့တန်း အခြေစိုက်မွေးမြူရေးခြံသို့ရောက်ရှိရာ ခြံမန်နေဂျာက ဥစားကြက် မွေးမြူထားရှိမှု၊ ကြက်ဥနှင့် ကြက်သားထုတ်လုပ်မှုနှင့် အသားတိုးဝက်မွေးမြူထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မွေးမြူရေးခြံအတွင်း လှည့်လည်ရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် နောင်တရားမြို့ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာများအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများကို ပေးအပ်၍ ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်မှန်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွက် ဆေးဝါးများကိုထောက်ပံ့ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံသည်။

ညနေပိုင်းတွင် နဂါးဘီလပ်မြေစက်ရုံ (တီကျစ်)စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းတာဝန်ခံက ဘီလပ်မြေစက်ရုံတည်ဆောက်ပြီးစီးမှုများကို ရှင်းလင်းပြသပြီး ဗိုလ်ချုပ်မင်းအောင်လှိုင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည်ဘီလပ်မြေစက်ရုံတည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

**အားကစားနှင့် ပညာရေးပေါင်းစပ်မှုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း ပညာရေးဝန်ကြီးဌာန ကာယဆရာ၊ဆရာမများ အားကစားနည်းပြ မွမ်းမံသင်တန်းအမှတ်စဉ်(၁၅)တွင် ဆွေးနွေးမှာကြားစဉ်။**

(သတင်းစဉ်)





# မိုးရာသီကျွန်းစိုက်ပျိုးရေး လှည်းကူးမြို့နယ်၌ တာဝန်ပေးအပ်

**ရန်ကုန် မေ ၁၀**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်၏ ၂၀၀၉ ခုနှစ် မိုးရာသီတွင် တစ်အိမ်ထောင် ကျွန်းသုံးပင်စိုက်ပျိုးရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၅ရက် နံနက် ၉နာရီက ဒရယ်ဘိုကျေးရွာ စာသင်ကျောင်းခန်းမ၌ ကျင်းပသည်။



### တာဝန်ပေးအပ်

အခမ်းအနားတွင် ရန်ကုန် မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦး၊ လှည်းကူးမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဇော်ဌေးဦးနှင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်စိုးတို့က စိုက်ပျိုးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူးက(ဝဲပုံ)ရပ်ကွက်နှင့်ကျေးရွာ ဥက္ကဋ္ဌများထံ တာဝန်ပေးအပ်လွှာများကို ပေးအပ်သည်။

### စိုက်ပျိုးမည်

ယခုနှစ်မိုးရာသီတွင် လှည်းကူးမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၂ အုပ်စုမှ အိမ်ထောင်စု ၂၆၀၀၁ စုတွင် ကျွန်းပင်ပေါင်း ၇၈၀၀၀၃ ပင်စိုက်ပျိုးမည်ဖြစ်ပြီး ရန်ကုန်မြောက်ပိုင်းခရိုင်အနေဖြင့် ရပ်ကွက်၊ကျေးရွာအုပ်စုပေါင်း ၂၁၀၊ အိမ်ထောင်စုပေါင်း ၁၁၀၁၇၄ တွင် ကျွန်းပင်စုစုပေါင်း ၃၃၀၅၂၂ ပင်ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပညာရေးဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း အားကစားနည်းပြ မွမ်းမံသင်တန်းတွင် ဆွေးနွေးမှာကြား

**ရန်ကုန် မေ ၁၀**

အားကစားနှင့် ပညာရေး ပေါင်းစပ်မှု ဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းသည် မေ ၅ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ဖွင့်လှစ်ပို့ချလျက်ရှိသော ပညာရေးဝန်ကြီးဌာန ကာယဆရာ၊ ဆရာမများ အားကစားနည်းပြ မွမ်းမံသင်တန်းအမှတ်စဉ်(၁၅)သို့ သွားရောက်ဆွေးနွေးပြီး သင်တန်းသား သင်တန်းသူများ၏ တင်ပြချက်များအပေါ် လိုအပ်ချက်များကို မှာကြားသည်။

### အားပေးစကားပြောကြား

အဆိုပါသင်တန်းကို ဧပြီ၂၇ရက်မှ ဇွန်၁၉ရက်အထိ ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်လျက်ရှိပြီး သင်တန်းသို့ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ သင်တန်းသား ကာယဆရာ ဆရာမ ၁၅၀ တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စာကြည့်တိုက် ရေရှည်တည်တံ့ရေး မန်စီ၌ ဆွေးနွေး

**မန်စီ မေ ၁၀**

ဗန်းမော်ခရိုင် မန်စီမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနန်ဇေဖုန်ဆန်းသည် မေ ၃ ရက် မွန်းလွဲ ၁ နာရီက မန်စီမြို့နယ် မဒန်ယဉ်ကျေးရွာသို့ သွားရောက်၍ ဆွတ်နိုင်းစာကြည့်တိုက် ကော်မတီဝင်များနှင့် ပြည်သူများအား တွေ့ဆုံကာ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး စံ(၅)ချက်နှင့်ညီသည့် စာကြည့်တိုက် ဖြစ်ပေါ်ရေးတို့ကို ဆွေးနွေးသည်။

အဆိုပါ ဟောပြောပွဲသို့ ပြည်သူ ၆၅ ဦး တက်ရောက်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အောင်ပန်းမြို့တွင် ယာဉ်/လမ်း စည်းကမ်းဆိုင်ရာ ပညာပေးဟောပြော

**ကလော မေ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့နယ် အောင်ပန်းမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကို ဧပြီ ၂ရက်က အောင်ပန်းသမဝါယမခန်းမ၌ကျင်းပရာ ဌာနဆိုင်ရာများနှင့် ရပ်ကွက်ပြည်သူအင်အား ၃၀၀ ကျော် တက်ရောက်ကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးမြင့်ဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းများဆိုင်ရာ အကြောင်းအရာများကို ပညာပေး ဟောပြောသည်။

(ဝ၂၄)

# မိုးညှင်း၌ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်း

မိုးညှင်း မေ ၁၀

**မိုးညှင်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ၊ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးရက်တို သင်တန်း (၂/၂၀၀၉)ဆင်းပွဲ အခမ်းအနားကို ဧပြီ ၃ရက် ညနေ ၄ နာရီခွဲက မိုးညှင်းမြို့ အထက(၂) မြသရဖူ သင်တန်းခန်းမ၌ ကျင်းပရာ မိုးညှင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ထွန်းက အမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၇၀တို့ တက်ရောက်ကြသည်။**

(မြို့နယ် ပြန်/ဆက်)



■ *ကျောက်ဖုံးမှ*

### ဂါလန်ပေါင်း

တောင်ကြီးမြို့၌ မိုးအများဆုံး ရွာသောလမှာ နိုဝင်ဘာလဖြစ်ပြီး မိုးရေချိန် လက်မ ၅၀ခန့် ရှိကြောင်း သိရသည်။ တောင်ကြီးမြို့သည် ၆ဒသမ ၁၃စတုရန်းမိုင် ကျယ်ဝန်းပြီး ရပ်ကွက်ပေါင်း ၂၂ရပ်ကွက်ဖြင့် ဖွဲ့စည်းထားသည်။ အိမ်ခြေပေါင်း တစ်သောင်းရှစ်ထောင်ကျော်ရှိရာ နေထိုင်သူ လူဦးရေ၏ လူတစ်ဦး တစ်နေ့ ရေသုံးစွဲနိုင်မှု ပမာဏကို ဂါလန်ဖြင့် တွက်ချက်ကြည့်လျှင် ဂါလန်ပေါင်း ၃၉၂၅၀၀၀ ရှိသည်။

### လိုအပ်ချက်

မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေပေးဝေသော ရေထွက် ရေကန်ခုနစ်ခု၊ စက်ရေတွင်း ၂၅တွင်းမှ တစ်နေ့ ရေပေးဝေနိုင်မှုမှာ ဂါလန် ၁၃၂၀၀၀၀ (၃၃ဒသမ ၆ရာခိုင်နှုန်း)နှင့် ပုဂ္ဂလိက လူမှုရေးအဖွဲ့အစည်းများ၏ အစီအစဉ်ဖြင့် ရေထွက်ရေကန် ၁၀ခု၊ အဝီစိတွင်း ၁၇၇၄တွင်းနှင့် လက်တူးတွင်း ၂၉၄၆တွင်းမှ ရေသုံးစွဲနိုင်ရန် ရရှိမှုမှာ ရေဂါလန်ပေါင်း ၁၂၉၅၀၀၀ (၃၃ရာခိုင်နှုန်း)ရှိသဖြင့် တောင်ကြီးမြို့၏ လက်ရှိ တစ်နေ့ ရေထပ်မံလိုအပ်ချက်မှာ ရေဂါလန် ၁၃၁၀၀၀၀ (၃၃ ဒသမ ၄ ရာခိုင်နှုန်း)ရှိကြောင်း သိရသည်။

### ရေပေးဝေ

တောင်ကြီးမြို့ ရေပေးရေးအတွက် မြို့အထက်နားတွင် ဘဲဥပုံသဏ္ဌာန် ရေကန်နှစ်ကန် တည်ဆောက်ထားပြီး ထိုရေကန်များမှ ရေဂါလန် ၂၉သန်း သိုလှောင်၍ ရေပေးဝေလျက်ရှိသကဲ့သို့ ၁၉၆၇ခုနှစ်က တည်ဆောက်ထားသော ထီသိမ်ရေလှောင်ကန်မှလည်း ရေပေးဝေလျက်ရှိသည်။

အဆိုပါ ထီသိမ် ရေလှောင်ကန်မှာ ရေဂါလန် ၁၆၁သန်း သိုလှောင်ထားနိုင်ပြီး တစ်နေ့ ရေပေးနိုင်မှုပမာဏမှာ ဂါလန် ၂ဒသမ ၅သိန်းဖြစ်သည်။ အဆိုပါရေကန်မှ ပေ ၁၉၀၀၀ ရှိ ၁၈ လက်မ ကွန်ကရစ်ပိုက်လိုင်းဖြင့် ပင်မရေပိုက်လိုင်းသွယ်တန်းထားပြီး မြို့ရေပေးရေး ဆောင်ရွက်လျက်ရှိသည်။

တောင်ကြီးမြို့ ပြည်သူများသောက်သုံးရေ ပိုမိုသုံးစွဲနိုင်ရန် တည်ဆောက်နေသော ထီသိမ်ရေကူတမံ အောက်ခြေမြေနေရာ ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

### လူဦးရေပမာဏ

တောင်ကြီးမြို့အတွက် ရေပေးဝေနိုင်ရန် ရေစုဆောင်းကာလမှာ ဇူလိုင်လမှ အောက်တိုဘာလဖြစ်ပြီး ရေပေးဝေနိုင်မှု အားနည်းသောကာလမှာ ဧပြီ၊ မေ၊ ဇွန်လများဖြစ်ကြောင်း သိရှိရသည်။ ထို့အပြင် တိုးတက်လာသော လူဦးရေပမာဏနှင့်အညီ ရေသုံးစွဲမှု များလာနိုင်သည့်အတွက် ထီသိမ် ရေကန်၏အထက် ထီသိမ်ကျေးရွာအနီးတွင် ထီသိမ် ရေကူတမံ စတင်တည်ဆောက်နေသည်ကို တွေ့မြင်ရသည်။

ထီသိမ်ရေကူတမံကို ရောက်ရှိခိုက် တမံအောက်ခြေ မြေကြောရှင်းလင်းမှုအဖြစ် သစ်မြစ်နှင့် ကျောက်သားများ ဖယ်ရှားရန်အတွက် စက်ယန္တရားများဖြင့် လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရသည်။



ထီသိမ်ရေကူတမံ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ဦးဇော်ဝင်း အငယ်တန်း အင်ဂျင်နီယာ(၂)က ရှင်းပြစဉ်။ (မြန်မာ့အလင်း)

အဆိုပါ ထီသိမ်ရေကူတမံ ဆောက်လုပ်မှုလုပ်ငန်းခွင်ကို ကြီးကြပ်နေသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်ဝင်းကို တွေ့ရှိ၍ သိလိုသည်များ မေးမြန်းရာတွင် "ကျွန်တော်တို့ အခုဆောက်နေတဲ့ ထီသိမ်ရေကူတမံကို ယခု မေလမှ စတင်ဆောက်လုပ်နေတာပါ။ တည်ဆောက်မှုကာလကို လေးလအတွင်း ပြီးစီးနိုင်ရန် ရည်မှန်းထားပါတယ်။ တမံရဲ့ရေဆင်းဧရိယာက ၁ ဒသမ ၅၀စတုရန်းမိုင်ရှိပြီး တမံအမြင့် ၄၂ပေ၊ အလျားပေ ၄၂၀ ရှိ မြေသားတမံအမျိုးအစားဖြစ်ပါတယ်။ ကန်ရဲ့ ရေပြည့်ရေသိုလှောင်နိုင်တဲ့ ပမာဏက ဧကပေ ၂၇၀ (ဂါလန် ၇၃ သန်း) ဖြစ်ပါတယ်။ ရေထုတ်ပြွန်က သံကူကွန်ကရစ် အမျိုးအစားပါ" ဟု ဖြေကြားခဲ့သည်။

အဆိုပါ ထီသိမ် ရေကူတမံကို တောင်ကြီးမြို့ ပြည်သူများအတွက် ရေလုံလောက်စွာ သုံးစွဲနိုင်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမှ ကျခံသုံးစွဲဆောင်ရွက်ခြင်းဖြစ်သည်။ ကုန်ကျငွေကို ကျပ် ၁၀၈ သန်း သတ်မှတ်ထားကြောင်း သိရသည်။

### ရေရရှိရေးနည်းလမ်း

ရေသည် လူတို့အတွက် နေ့စဉ်နှင့်အမျှ သုံးစွဲရန် လိုအပ်နေသောအရာမို့ ရှိပြီးသား ရေအရင်းအမြစ်များဖြင့် ရေရယူသုံးစွဲပါက မလုံလောက်နိုင်ဘဲ ရေရရှိနိုင်ရေးနည်းလမ်းများကို အမျိုးမျိုး ရှာဖွေဖော်ထုတ်၍ ကြိုးစား ဆောင်ရွက်ပါမှ တိုးတက်လာသောလူဦးရေနှင့်အညီ ရေကိုလုံလောက်စွာရရှိနိုင်ပေမည်။ ထို့အတွက် တောင်ကြီးမြို့ ပြည်သူများအတွက် ရေလုံလောက်စွာ ပေးဝေနိုင်ရန် တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကြိုးစားဆောင်ရွက်နေသည်များကို သတင်းခရီးတစ်ထောက်မှ ရေးသား ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**



**တောင်ကြီးမြို့ ပြည်သူများသောက်သုံးရေ ပိုမိုသုံးစွဲနိုင်ရန် တည်ဆောက်နေသော ထီသိမ်ရေကူတမံ အောက်ခြေမြေနေရာ ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည်ကို ဤသို့ တွေ့ရသည်။** (မြန်မာ့အလင်း)

## မြန်မာ့ရုပ်မြင်သံကြား

**၁၁-၅-၂၀၀၉ရက်**
**(တနင်္လာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၁၀ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၈း၂၀ ၉။ **စက်မှုတပ်ဆင်လုပ်ငန်းတွင်** မင်းမော်ကွန်း၊ ဇင်ဝိုင်း၊ မို့မို့မြင့်အောင် (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၈း၃၀ ၁၀။ International News
၈း၄၀ ၁၁။ အပန်းဖြေလှည့်ပါ မြစ်ကမ်းခြေသာယာ
၈း၅၀ ၁၂။ အတီးပြိုင်ပွဲ
၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အဆိုပြိုင်ပွဲ
၄း၂၀ ၃။ အကပဒေသာ
၄း၃၀ ၄။ တေးဂီတအစီအစဉ်
၄း၄၀ ၅။ တီးကွက်ညီညာညွန့်သံသာ
၄း၅၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (စီးပွားစီမံအထူးပြု) (စီးပွားရေးပညာ)
၅း၁၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀ ၈။ တေးဂီတအစီအစဉ်
၅း၃၀ ၉။ မြန်မာစာ၊ မြန်မာစကား
၅း၄၀ ၁၀။ ဂီတသံစဉ်အလှဆင်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သားမက်အလိုရှိသည်"** (အပိုင်း-၃)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သံစဉ်** (အပိုင်း-၁၄)
၁၉။ အစီအစဉ်ပြီး၏။

## လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**လားရှိုး မေ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ လက်ဖက်စိုက် တောင်သူများအတွက် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို မေ ၂၁ ရက်၌ လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### ဆွေးနွေးမည်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်ဖက်ကျွမ်းကျင်ပညာရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာန အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ ကိုယ်စားလှယ်များနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသရှိ လက်ဖက်စိုက်ပျိုးသူများ၊ ထုတ်လုပ်ဖြန့်ဖြူးသူများ၊ ရောင်းချသူများ၊ လက်ဖက်ခြောက်စက်ရုံ လုပ်ငန်းရှင်များ ပါဝင်ဆွေးနွေးကြမည် ဖြစ်သည်။

### ရည်ရွယ်

ပြည်နယ်၏ လက်ဖက်စိုက်ခင်းများ နည်းစနစ်များ မှန်ကန်စေရန်၊ အထွက်နှုန်းတိုးတက်စေရန်၊ အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ရန်၊ ကျန်းမာရေး စံချိန်စံညွှန်းနှင့်ကိုက်ညီသော လက်ဖက်ထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ ပြည်နယ်ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၏ အားပေးကူညီမှုဖြင့် တောင်သူများ၊ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(လားရှိုးကိုယ်ပွား)**

11-5 (07).pmd 1 5/11/2009, 1:53 AM

# အထူးဖွံ့ဖြိုးရေးစီမံကိန်းများ (သို့မဟုတ်) အနာဂတ်အတွက်မျှော်မှန်းချက်

ပြည်ထောင်စုမြန်မာနိုင်ငံသား ကျွန်တော်တို့ ပြည်သူအားလုံး၏ အမျိုးသားရေးရည်မှန်းချက်သည် အမိမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ပေါ်ထွန်းလာစေရေးပင်ဖြစ်ပါသည်။ ဤသည်မှာ ကျွန်တော်တို့ ပြည်သူအားလုံးတူညီသောစိတ်ဆန္ဒများပင်ဖြစ်ပြီး အနာဂတ်အတွက် မျှော်မှန်းချက်ပန်းတိုင်လည်း ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူတစ်ရပ်လုံးက လိုလားသည့် စနစ်သစ်ဆီသို့ ညင်သာစွာ ကူးပြောင်းနိုင်ရေးနှင့် ရေရှည်ခိုင်မာတည်တံ့ပြီး အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းအောင် ဖော်ဆောင်ပေးနိုင်ရေးအတွက် မှန်ကန်သည့် မူဝါဒလမ်းစဉ်များချမှတ်ပြီး ကြိုးပမ်းပုံဖော်တည်ဆောက်ပေးလျက်ရှိပါသည်။ တည်ဆဲအစိုးရအနေဖြင့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ သာမန်ပုံဖော် တည်ဆောက်ခြင်းမျိုးမဟုတ်ဘဲ ခေတ်သစ် စနစ်သစ်တစ်ခုဆီသို့ ညင်သာချောမွေ့စွာ ကူးပြောင်းတက်လှမ်းနိုင်ရေးနှင့် တစ်မျိုးသားလုံး၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းမှုကို အပြည့်အဝ အာမခံနိုင်အောင် ဘက်စုံထောင့်စုံမှ ထည့်သွင်းစဉ်းစားပြီး လစ်ဟာမှုမရှိရလေအောင် အဘက်ဘက်မှ ကြိုးပမ်းတည်ဆောက် ပေးနေခြင်းဖြစ်သည်ကိုလည်း ကျွန်တော်တို့ ကောင်းစွာသတိပြုမိပါသည်။ **နိုင်ငံနှင့် ပြည်သူအားလုံး၏ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ကိုအောင်မြင်စွာ မျက်မှောက်ပြုနိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တည်းဟူသော အင်အားစုကြီး(၃)ရပ် စည်းလုံးညီညွတ်စွာကြိုးပမ်း ဖော်ဆောင်လျက်ရှိရာ ဘက်စုံထောင့်စုံမှ အောင်မြင်မှုများ ပွင့်လန်းဝေဆာလျက်ရှိသည်မှာလည်း အထင်အရှား လက်တွေ့ မျက်မြင်ပင်ဖြစ်ပါသည်။**

နိုင်ငံတော်၏ တာဝန်များကို တာဝန်ယူထမ်းဆောင်နေရသည့် အစိုးရတစ်ရပ်အနေဖြင့် အမိနိုင်ငံတော်ကြီး အစဉ်အမြဲတိုးတက်ဖြစ်ထွန်းစေရမည်ဟူသည့် ဥပဒေသကို အမြဲလိုက်နာအကောင်အထည်ဖော်ရန် တာဝန်ရှိသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း တည်ဆဲအစိုးရအနေဖြင့် မည်သို့သော အခက်အခဲ အကျပ်အတည်းများနှင့် ကြုံတွေ့နေရစေကာမူ ယင်းဥပဒေသကို အမြဲကိုင်စွဲပြီး နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်သည်ထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဖော်ဆောင်လျက်ရှိပါသည်။ ဤသို့ တာဝန်သိသိ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကြောင့် ယနေ့အချိန်တွင် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ထိုက်သင့်သော ဖွံ့ဖြိုးတိုးတက်မှုနှင့် အကျိုးစီးပွားဖြစ်ထွန်းမှုများကို ပိုင်ဆိုင်ရရှိခံစားနိုင်ခဲ့ကြပြီ မဟုတ်ပါလား။

ယနေ့အချိန်တွင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းများမှာ အတက်ဘက်ဆီသို့သာဦးတည်ပြီး တစ်ဟုန်ထိုး တိုးတက်အောင်မြင်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်တစ်နိုင်ငံလုံး၏ ရေရှည်အကျိုးစီးပွားကို မျှော်မှန်းပြီး လိုအပ်ချက်ဟူသမျှ မြုမြုမကျန်ရလေအောင် စီမံဆောင်ရွက်လျက်ရှိရာတွင် အထူးစီမံကိန်း လုပ်ငန်းကြီးများသည်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်မှာ အမှန်ပင်ဖြစ်ပါသည်။

**နိုင်ငံတော်အစိုးရ အနေဖြင့် စက်မှုလုပ်ငန်းအားလုံး တိုးတက်ရေးအတွက် လိုအပ်သော လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများကို ဖွံ့ဖြိုးတိုးတက် အောင်မြင်အောင် အစီအမံရှိရှိ ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်ကို လေ့လာတွေ့ရှိ ရပါသည်။ အလားတူ စက်မှုအတတ်ပညာ ကျွမ်းကျင်သည့် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက်လည်း ပညာရေးကဏ္ဍကို မြှင့်တင် ဆောင်ရွက်လျက် ရှိပါသည်။ အဆိုပါ လိုအပ်ချက် အခြေအနေများကို ဟန်ချက်ညီညီ ပေါင်းစပ်ဖြည့်ဆည်းပေး နိုင်သည်နှင့်အမျှ နိုင်ငံတော်၏ စက်မှုကဏ္ဍသည် အမှန်တကယ် သိသိသာသာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်မှာ မြေကြီးလက်ခတ် မလွဲပင်ဖြစ်ပါသည်။**

**နိုင်ငံ၏ အဓိကအသက်သွေးကြောဖြစ်သော စိုက်ပျိုးရေးကဏ္ဍပိုင်း၌ တိုးတက်အောင်မြင်မှုများရရှိအောင် ကြိုးပမ်းစွမ်းဆောင်ခဲ့ရာ ယခုအခါနိုင်ငံတော်၌ ဝမ်းစာရိက္ခာဖူလုံရုံမျှမက ပိုလျှံနေပြီဖြစ်ပါသည်။ ၁၉၈၈ခုနှစ်တွင် တစ်နိုင်ငံလုံး စပါးထွက်ရှိမှု စုစုပေါင်း တင်းသန်း ၆၀၀ကျော်ခန့်သာရှိခဲ့ရာမှ ယခုအခါစပါးတင်းသန်း ၁၆၀၀ခန့် အထိ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ယင်းပမာဏသည် လက်ရှိလူဦးရေအတွက် လုံလောက်ရုံမျှမက နောင်လူဦးရေ သန်း၁၀၀အထိ တိုးပွားလာသည့်တိုင် စားနပ်ရိက္ခာအတွက် ပူပန်ရန်အကြောင်းမရှိ၊ ဖူလုံသည့်ပမာဏပင် ဖြစ်ပါသည်။** နိုင်ငံတော်အနေဖြင့် ဆက်လက်၍ စပါးတင်းသန်း ၂၀၀၀ ထွက်ရှိရန် ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်နေကြောင်း ကြားသိရသည့်အတွက် ကျွန်တော်တို့ ပြည်သူများအနေဖြင့် ဖော်ပြ၍မရနိုင်လောက်အောင်ပင် နှစ်ထောင်းအားရ ဖြစ်ရပါသည်။ ထို့အတူ ဆီထွက်သီးနှံများ၊ ပဲအမျိုးမျိုးနှင့် ချည်မျှင်ရှည်ဝါတို့ကိုလည်း သိသိသာသာပင် တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည့်အတွက် ကျွန်တော်တို့အားလုံး အားတက်ဝမ်းမြောက်ဖြစ်ကြရပါသည်။

နိုင်ငံတော်၏ အမျိုးသားစီးပွားရေးဆောင်ရွက်မှုတန်ဖိုး (GDP) ၌ လယ်ယာကဏ္ဍသည် ၄၀ရာခိုင်နှုန်းခန့်ရှိပြီး စက်မှုကဏ္ဍမှာ ၂၀ရာခိုင်နှုန်းခန့်သာရှိသေးသည့်အတွက် စက်မှုကဏ္ဍ၏ ပါဝင်မှုကို ပြုပြင်ပြောင်းလဲတိုးမြှင့်သွားရန် လိုအပ်နေကြောင်း တွေ့ရှိရပါသည်။ နိုင်ငံတော်၌ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး စက်မှုနိုင်ငံအဖြစ် ကူးပြောင်းထူထောင်နိုင်မှသာ ကျွန်တော်တို့ အားလုံးမျှော်မှန်းသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာနိုင်ပေမည်။

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကပြည်သူများ၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စက်မှုဇုန်ဒဂုံ ထူထောင်ပြီး အားပေးမြှင့်တင်ခဲ့သည်ကို တွေ့ရှိရပါသည်။ ပုဂ္ဂလိကစက်မှုဇုန်များအနေဖြင့် ထိုက်သင့်သည့်တိုးတက်မှုများ ရရှိခဲ့သော်လည်း နိုင်ငံတော်၏စက်မှုကဏ္ဍ တစ်ခုလုံး တိုးတက်ဖွံ့ဖြိုးရေးအတွက်မူ ထိထိရောက်ရောက် အထောက်အကူ မပြုနိုင်သေးသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ပုဂ္ဂလိကစက်မှုကဏ္ဍကို သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးမြှင့်တင်လျက်ရှိသကဲ့သို့ တစ်ဖက်ကလည်း ပုဂ္ဂလိကပိုင်းက စွမ်းဆောင်နိုင်မှုမရှိသော ကိစ္စများကို နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စက်မှုလုပ်ငန်းအားလုံး တိုးတက်ရေးအတွက် လိုအပ်သော လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်အောင်မြင်အောင် အစီအမံရှိရှိ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ အလားတူစက်မှုအတတ်ပညာ ကျွမ်းကျင်သည့် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက်လည်း ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ လိုအပ်ချက် အခြေအနေများကို ဟန်ချက်ညီညီ ပေါင်းစပ်ဖြည့်ဆည်းပေးနိုင်သည်နှင့်အမျှ နိုင်ငံတော်၏ စက်မှုကဏ္ဍသည် အမှန်တကယ် သိသိသာသာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်မှာ မြေကြီးလက်ခတ် မလွဲပင်ဖြစ်ပါသည်။

**အထူးစီမံကိန်းကြီးများသည် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် စီမံကိန်းများပင်ဖြစ်ရာ စီမံကိန်းတိုင်းသည် အနာဂတ်**

**ကျော်ရဲမင်း**

**နိုင်ငံတော်သစ်အတွက် ဝိုင်းဝန်းပံ့ပိုးထောက်ကူ မြှင့်တင်ပေးကြမည့် အဓိကဒေါက်တိုင်များပင် ဖြစ်သည်ဟုဆိုနိုင်ပါသည်။ ထို့ကြောင့် ၄င်းအထူးစီမံကိန်းကြီးများ အောင်မြင်သည်ထက် အောင်မြင်အောင် ကျွန်တော်တို့ ပြည်သူအားလုံးက ဝိုင်းဝန်းပံ့ပိုး ကြိုးပမ်းစွမ်းဆောင်ကြရမည်သာ ဖြစ်ပါသည်။**

၂၀၀၉ခုနှစ်အတွက် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးသတင်းများအရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စီမံကိန်း(၇)ခု ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ပထမစီမံကိန်းမှာ စီပဒုံးရေလှောင်တမံ စီမံကိန်းဖြစ်ပြီး စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ် အိုင်းမကျေးရွာအနီး စီပဒုံးချောင်းပေါ်၌ မြေသားတမံ အမျိုးအစားအဖြစ် တည်ဆောက်သွားမည် ဖြစ်ပါသည်။. လယ်မြေဧရိယာ ဧက ၁၀၀၀၀ခန့်ကို ဆည်ရေပေးဝေ စိုက်ပျိုးနိုင်မည်ဖြစ်ပါသည်။

ဒုတိယစီမံကိန်းမှာ ဖောဓိတစ်ထောင် ရေလှောင်တမံ စီမံကိန်းဖြစ်ပြီး စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ခတက္ကန် ကျေးရွာအနီး ရေထွက်ချောင်းပေါ်၌

**စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ခတက္ကန်ကျေးရွာအနီး ရေထွက်ချောင်းပေါ်၌ မြေသားတမံအမျိုးအစားအဖြစ် တည်ဆောက်ထားသည့် စိုက်ပျိုးမြေ ဧရိယာဧက ၁၀၀ခန့်ကို ဆည်ရေပေးဝေနိုင်မည့် ဖောဓိတစ်ထောင် ရေလှောင်တမံ စီမံကိန်းမြင်ကွင်း....။**

(မြန်မာ့အလင်း)



မြေသားတမံ အမျိုးအစားအဖြစ် တည်ဆောက်
ဧရိယာဧက ၁၀၀ခန့်ကို ဆည်ရေပေးဝေနိုင်ပြီ
တည်ဆောက်ခဲ့ပြီး ဖြစ်ပါသည်။

တတိယစီမံကိန်းမှာ မန္တလေးတိုင်း ပြင်ဦး
ပေါ်၌ မြေသားတမံတည်ဆောက်၍ ပြင်ဦးလွ
အတွက် သောက်သုံးရေနှင့် စိုက်ပျိုးမြေဧက ၁၅
ပွဲကောက်ရေလှောင်တမံ စီမံကိန်းဖြစ်ပါသည်။
ရေအားလျှပ်စစ်စက်ရုံကိုပါ ပူးတွဲထည့်သွင်း
ကြောင်း သိရှိရပါသည်။

စတုတ္ထစီမံကိန်းမှာ မန္တလေးတိုင်း နေ
အတွင်းရှိ တောက်ပြိုချောင်းပေါ်၌ မြေသားတမံ
လယ်မြေဧက ၃၀၀ခန့်ကို ရေပေးဝေမည့် တော





နေပြည်တော်ပျဉ်းမနား အနောက်မြောက်ဘက် ၂၁မိုင်ခန့်
ချောင်းကိုပိတ်၍ တည်ဆောက်ထားသော အမြင့် ၅၇ပေ၊ အလျားပေ ၁
ရေလှောင်တမံနှင့် ရေထိန်းမျှော်စင်တို့ကို ဤသို့တွေ့ရသည်။



သာဂရစက်မှုနယ်မြေ၌ တစ်နှစ်လျှင် မြေထိုးစက် အစီး ၁၀၀ နှင့် မြေတူးစက် အစီး ၂၀၀ ထုတ်လုပ်နိုင်မည့် မြေထိုး၊ မြေတူးယန္တရားထုတ်လုပ်မှုစက်ရုံ(သာဂရ)ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

မြေသားတမံ အမျိုးအစားအဖြစ် တည်ဆောက်ထားပါသည်။ စိုက်ပျိုးမြေဧရိယာဧက ၁၀၀ခန့်ကို ဆည်ရေပေးဝေနိုင်ပြီး ၂၀၀၇-၂၀၀၈ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ဖြစ်ပါသည်။

တတိယစီမံကိန်းမှာ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဂဲလောင်ချောင်းပေါ်၌ မြေသားတမံတည်ဆောက်၍ ပြင်ဦးလွင်မြို့နှင့် ရတနာပုံမြို့သစ်အတွက် သောက်သုံးရေနှင့် စိုက်ပျိုးမြေဧက ၁၅၀ကို ဆည်ရေပေးဝေနိုင်မည့် ပွဲကောက်ရေလှောင်တမံ စီမံကိန်းဖြစ်ပါသည်။ ယင်းစီမံကိန်း၌ အငယ်စားရေအားလျှပ်စစ်စက်ရုံကိုပါ ပူးတွဲထည့်သွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

စတုတ္ထစီမံကိန်းမှာ မန္တလေးတိုင်း နေပြည်တော်ပျဉ်းမနားမြို့နယ်အတွင်းရှိ တောက်ပြိုချောင်းပေါ်၌ မြေသားတမံအမျိုးအစား တည်ဆောက်၍ လယ်မြေဧက ၃၀၀ခန့်ကို ရေပေးဝေမည့် တောက်ပြိုရေလှောင်တမံ စီမံကိန်းဖြစ်ပါသည်။ ၂၀၀၈-၂၀၀၉ခုနှစ်တွင် တည်ဆောက်ခဲ့ပြီးဖြစ်ပါသည်။

ပဉ္စမစီမံကိန်းမှာ ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပိုက်ဆီး- မရမ်းကွင်းပတ်တာပြင်ပတွင် ရေငန်တားတာ တည်ဆောက်ခြင်းလုပ်ငန်း စီမံကိန်းဖြစ်ပြီး လယ်မြေဧကသစ် ၄၀၅၀ခန့်ကို ဖော်ထုတ်စိုက်ပျိုးနိုင်ရန်အတွက် အကောင်အထည်ဖော် တည်ဆောက်နေခြင်း ဖြစ်ပါသည်။

ဆဋ္ဌမစီမံကိန်းမှာ ကျိုင်းတုံမြို့နယ် ပင်းတောက်ကျေးရွာအနီး နမ့်ယာချောင်းပေါ်၌ တည်ဆောက်မည့် မြေသားတမံအမျိုးအစား ပင်းတောက်ရေလှောင်တမံစီမံကိန်းဖြစ်ပါသည်။ ကျိုင်းတုံမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧရိယာ ဧက၂၀၀ခန့်ကို ဆည်ရေပေးဝေနိုင်မည်ဖြစ်ပါသည်။ သတ္တမစီမံကိန်းမှာ ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် မက်မီးရွာအနီး နမ့်ပါပေါင်းချောင်းပေါ်၌ တည်ဆောက်မည့် မြေသားတမံအမျိုးအစား နမ့်ပါပေါင်းရေလှောင် တမံစီမံကိန်းဖြစ်ပါသည်။ လက်ရှိလယ်မြေဧရိယာ ၃၀၀ကျော်အပြင် ထပ်မံပြုပြင်တိုးချဲ့၍ ဧက ၁၀၀၀ခန့်ကို ဆည်ရေပေးဝေနိုင်ရန်နှင့် အောက်ဘက်ရှိ ဇော်ဂျီရေလှောင်တမံသို့ ရေကူရေဖြည့်ပေးရန်အတွက် ရည်ရွယ်တည်ဆောက် နေခြင်းဖြစ်ပါသည်။ အငယ်စားရေအားလျှပ်စစ်စက်ရုံကိုပါ ပူးတွဲတည်ဆောက်ရန် စီမံထားကြောင်း တွေ့ရှိရပါသည်။



...ပြည်တော်ပျဉ်းမနား အနောက်မြောက်ဘက် ၂၁မိုင်ခန့်အကွာ တောက်ပြို...တ်၍ တည်ဆောက်ထားသော အမြင့် ၅၇ပေ၊ အလျားပေ ၁၄၀၀ရှိ တောက်ပြို...တမံနှင့် ရေထိန်းမျှော်စင်တို့ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)



၂၀၀၉ခုနှစ် အထူးစီမံကိန်းများအဖြစ် အကောင်အထည်ဖော်မည့် ရေလှောင်တမံစီမံကိန်း(၇)ခုသည် ဒေသတွင်းစိုက်ပျိုးမြေဧရိယာများအတွက် ဆည်ရေပေးဝေနိုင်မည် ဖြစ်သည့်အပြင် ဒေသစိမ်းလန်းစိုပြည်ရေးကိုပါ ကောင်းစွာ အထောက်အကူပြုနိုင်ပါသည်။ အချို့စီမံကိန်းများမှာ အငယ်စားရေအားလျှပ်စစ်အတွက်ပါ ပူးတွဲအသုံးပြုနိုင်မည်ဖြစ်ရာ သက်ဆိုင်ရာဒေသနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်မည်မှာ အသေအချာပင် ဖြစ်ပါသည်။

အမှတ်(၂)စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေ လိုအပ်သည့် အထူးစီမံကိန်းကြီး(၆)ခုကို ဖော်ဆောင်သွားမည်ဖြစ်ပါသည်။ ပထမစီမံကိန်းမှာ အကြီးစားဒီဇယ်အင်ဂျင်များ ထုတ်လုပ်မှုစီမံကိန်းဖြစ်ပြီး သာဂရစက်မှုနယ်မြေရှိ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်း၏ တိုးချဲ့စီမံကိန်းအဖြစ် စွမ်းအားပိုမိုသော အကြီးစားဒီဇယ်အင်ဂျင်များ ထုတ်လုပ်ပေးသွားမည် ဖြစ်ပါသည်။ နိုင်ငံတော်၏ သယ်ယူပို့ဆောင်ရေး၊ ဆောက်လုပ်ရေးနှင့် သတ္တုတူးဖော်ရေးကဏ္ဍများအတွက် မြင်းကောင်ရေ ၂၂၀၀-၂၇၀၀နှင့် မြင်းကောင်ရေ ၆၂၀၀-၇၀၀၀ရှိ အကြီးစား ဒီဇယ်အင်ဂျင်များကို ထုတ်လုပ်ပေးနိုင်တော့မည် ဖြစ်ပါသည်။

ဒုတိယစီမံကိန်းမှာ မြင်းကောင်ရေ ၆၀-၂၀၀ DC Motor ကြီးများနှင့် Servo-Motor/ Synchro-Motor များထုတ်လုပ်မှုစက်ရုံစီမံကိန်းဖြစ်ပြီး သာဂရစက်မှုနယ်မြေတွင် တည်ဆောက်အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။ နှစ်စဉ် မြင်းကောင်ရေ ၆၀-၂၀၀ DC Motor အလုံး ၁၀၀၊ Servo-Motor/ Synchro-Motor အလုံး ၁၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။ တတိယစီမံကိန်းမှာ သာဂရစက်မှုနယ်မြေတွင် တည်ဆောက်မည့် ဘွိုင်လာထုတ်လုပ်မှုစက်ရုံ စီမံကိန်းဖြစ်ပါသည်။ ၎င်းစက်ရုံပြီးစီးပါက စက်မှုလုပ်ငန်းများအတွက် ၀ ဒသမ ၅ တန်မှ ၂ ဒသမ ၅ တန်အထိ ဘွိုင်လာများကို တစ်နှစ်လျှင် အလုံး ၅၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပါသည်။

**ယနေ့အချိန်တွင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းများမှာ အတက်ဘက်ဆီသို့သာ ဦးတည်ပြီး တစ်ဟုန်ထိုးတိုးတက် အောင်မြင်လျက်ရှိပါသည်။ နိုင်ငံတော် အစိုးရအနေဖြင့် တစ်နိုင်ငံလုံး၏ ရေရှည်အကျိုးစီးပွားကို မျှော်မှန်းပြီး လိုအပ်ချက်ဟူသမျှ မြူမျှမကျန်ရလေအောင် စီမံဆောင်ရွက်လျက်ရှိရာတွင် အထူးစီမံကိန်း လုပ်ငန်းကြီးများသည်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်မှာ အမှန်ပင်ဖြစ်ပါသည်။**

စတုတ္ထစီမံကိန်းမှာ သာဂရစက်မှုနယ်မြေတွင်တည်ဆောက်မည့် Control System Plant စီမံကိန်းဖြစ်ပြီး နိုင်ငံတော်က တည်ထောင်ထားပြီးဖြစ်သည့် မော်တော်ယာဉ်၊ မြေထိုး၊ မြေတူးယန္တရား၊ စက်ပစ္စည်းကိရိယာများ၊ လျှပ်စစ်ပစ္စည်းကိရိယာများထုတ်လုပ်သည့် စက်ရုံများအတွက် လိုအပ်သော Control System များ၊ ပြည်တွင်းဈေးကွက်တွင် အသုံးများသော မော်တော်ယာဉ်၊ ဆောက်လုပ်ရေးသုံးစက်ယန္တရားများ၊ စက်ကိရိယာများ၊ လျှပ်စစ်ပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားပေးစက်မှုလုပ်ငန်းများအတွက် Control System များ ထုတ်လုပ်ပေးသွားမည်ဖြစ်ပါသည်။

ပဉ္စမစီမံကိန်းမှာ စက်မှုသုံးအဆင့်မြင့်ကိရိယာအလုပ်ရုံစီမံကိန်းဖြစ်ပြီး ပန်းတောင်းစက်မှုနယ်မြေရှိ အမှတ်(၁) စက်နှင့် စက်ကိရိယာထုတ်လုပ်မှုစက်ရုံတွင် တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ပါသည်။ ဆဋ္ဌမစီမံကိန်းမှာ မော်တော်ယာဉ်သုံး ပစ္စည်းထုတ်လုပ်မှုအလုပ်ရုံစီမံကိန်း (Automotive Parts Manufacturing Plant)ဖြစ်ပြီး မကွေးတိုင်း မကွေးစက်မှုနယ်မြေတွင် တည်ဆောက်သွားမည်ဖြစ်ပါသည်။ အဆိုပါစီမံကိန်းမှ နှစ်စဉ်ယာဉ်အစီး ၅၀၀၀အတွက် လိုအပ်မည့် မော်တော်ယာဉ်အစိတ်အပိုင်းမျိုးစုံကို ထုတ်လုပ်ပေးနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် ရေရှည်အတွက် တကယ့်စက်မှုနိုင်ငံကြီးအဆင့်ကို မျှော်မှန်း၍ တည်ဆောက်ဖော်ဆောင်သွားရမည်ဖြစ်ရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ အထူးစီမံကိန်းကြီးများမှာ ယင်းမျှော်မှန်းချက်အတွက် အထူးအရေးပါသော ခြေလှမ်းသစ်များပင်ဖြစ်ပါသည်။ ပုဂ္ဂလိကအနေဖြင့် စွမ်းဆောင်မှုမပြုနိုင်သည့် ကြီးမားသော စက်မှုလုပ်ငန်းကြီးများကို နိုင်ငံတော်အပိုင်းက တာဝန်ယူဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းဖြစ်ရာ နိုင်ငံတော်အစိုးရ၏ အနာဂတ်ရေးအမြော်အမြင်ကြီးမားမှုမှာ အထူးပင်တန်ဖိုးထား လေးစားထိုက်လှပါသည်။ ။

**(ဆက်လက်ဖော်ပြပါမည်)**

● *ကျောဖုံးမှ*

မြန်မာ့ဘောလုံးလောက တိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်အတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယကတစ်ဦးဖြစ်သူ Htoo Group of Companies ဥက္ကဋ္ဌ ဦးတေဇက Air Bagan ဘောလုံးအသင်းကို ၂၀၀၇ခုနှစ်အတွင်းက ဖွဲ့စည်းတည်ထောင်ခဲ့သည်။

Air Bagan ဘောလုံးအသင်းသည် ၂၀၀၇-၂၀၀၈ရာသီ၌ ပထမတန်းတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး စတင်ယှဉ်ပြိုင်သည့်နှစ်မှာပင် ပထမတန်းအမှတ်ပေးပြိုင်ပွဲ၌ ဗိုလ်စွဲပြီး အဆင့်မြင့်တန်းသို့ တက်ရောက်ခွင့်ရခဲ့သည်။ ကွင်းပိတ်ပြိုင်ပွဲတွင်လည်း ဒုတိယနေရာ ရရှိခဲ့သေးသည်။ ၂၀၀၈-၂၀၀၉ရာသီတွင် မြန်မာလိဂ် အဆင့်မြင့်တန်း၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး အသင်းကို လူသစ်အားဖြည့်မှုများ ပြုလုပ်ခဲ့သလို



တိုက်စစ်မှူး ကျော်သူရ

အသင်းတာဝန်ရှိပုဂ္ဂိုလ်များ၏ ပံ့ပိုးအားပေးချီးမြှောက်မှု၊ နည်းပြဆရာများ၏ စွမ်းဆောင်မှုနှင့် အားကစားသမားများ၏ ကြိုးစားအားထုတ်မှုတို့ကြောင့် အမှတ်ပေးပြိုင်ပွဲအပြီးတွင် အဆင့်(၅)နေရာကို ရယူနိုင်ခဲ့သည်။ ယခု ပရိုစနစ်သို့ ကူးပြောင်းလိုက်ရာတွင်လည်း Air Bagan F.C ကို ရန်ကုန်ယူနိုက်တက် F.C ဟု အမည်ပြောင်းလဲကာ ဆက်လက် ပြိုင်ပွဲဝင်သွားမည်ဖြစ်ပြီး အသင်း၏ ရည်ရွယ်ချက်ဖြစ်သည့် မြန်မာ့ဘောလုံးလောက တိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်နှင့် နိုင်ငံအတွက် ထူးချွန်ဘောလုံးသမားများ မွေးထုတ်ပေးနိုင်ရန်အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**အတွေ့အကြုံ**

ရန်ကုန်ယူနိုက်တက် F.C အသင်းမှာ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် Air Bagan အသင်းမှ ကစားသမား ၁၄ဦးကို ပြန်လည်ခေါ်ယူခဲ့ပြီး အတွေ့အကြုံရှိသည့် အားကစားသမားများဖြစ်ကြသော အောင်အောင်ဦး **(ဂိုး)**၊ မျိုးမင်းထွန်း၊ ကျော်သူရ၊စိုးလင်းထွန်း၊မောင်မောင်မြင့်တို့ကိုလည်း ခေါ်ယူခဲ့သည်။ Air Bagan F.C ကို ကိုင်တွယ်ပြီး အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရအောင် စွမ်းဆောင်ပေးခဲ့ကြသည့် နည်းပြချုပ် - ဦးမျိုးလှိုင်ဝင်း၊ လက်ထောက်နည်းပြ- ဦးတင်မောင်ထွန်း၊ ဦးအေးနိုင်၊ **(ဂိုး)** နည်းပြ- ဦးထွန်းတင့်အောင်တို့ကပင် ရန်ကုန်ယူနိုက်တက် F.C ကို ဆက်လက်ကိုင်တွယ်ကြမည်ဖြစ်သည်။ ရန်ကုန်ယူနိုက်တက် F.C မှာ အောင်မြင်မှုရရှိရန်အတွက် လှိုင် အားကစားကွင်းတွင် ပြင်းပြင်းထန်ထန်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

ရန်ကုန်ယူနိုက်တက် F.C မှာ ရန်ကုန်တိုင်းကိုယ်စားပြု ယှဉ်ပြိုင်မည့်အသင်းဖြစ်သောကြောင့် ရန်ကုန်မြို့မှ မိဘပြည်သူပရိသတ်များထံ အပ်နှံပွဲကို မေ၂ရက်က အောင်ဆန်းကွင်း၌ ကျင်းပခဲ့ရာ ပရိသတ်များ တစ်ခဲနက်လာရောက် ကြည့်ရှုအားပေးခဲ့ကြသည်။

**ရည်မှန်းချက်**

မြန်မာ နေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ရန်ကုန်ယူနိုက်တက် ဘောလုံးအသင်း C.E.O ဦးစိုင်းခင်မောင်အေးက "မြန်မာ့ဘောလုံးလောက ပရိုစနစ်သို့ ကူးပြောင်းလိုက်ခြင်းမှာ မြန်မာ့လက်ရွေးစင်အသင်း ပြည်ပပြိုင်ပွဲများတွင် အောင်မြင်မှုရရန်နှင့် ကစားသမားကောင်းများ ထွက်ပေါ်လာရန်အတွက်ဖြစ်ရာ မိမိတို့အသင်းသည်လည်း ယင်းရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ မိမိတို့အသင်းအနေဖြင့်လည်း ပြည်တွင်းတွင် အောင်မြင်မှုရရှိရန်သာမက နိုင်ငံတကာကလပ်ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အထိပါ ရည်ရွယ်ထားပါကြောင်း၊ လက်ရှိအချိန်အထိ ပြည်တွင်းကစားသမား ၂၅ဦး ခေါ်ယူပြီးသွားပြီဖြစ်ပြီး နောက်ထပ်ခေါ်ယူတော့မည် မဟုတ်ကြောင်း။

**ကြိုးပမ်းမည်**

မိမိတို့အသင်းအနေဖြင့် လာမည့် မေ၁၆ရက်တွင် ကျင်းပမည့် MNL Cup 2009 ဘောလုံးပြိုင်ပွဲမှစ၍ ပြိုင်ပွဲတိုင်းတွင် ချန်ပီယံဖြစ်ရန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ အသင်း အောင်မြင်မှုရရန်အတွက် ဆုကြေးများ ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သလို စည်းကမ်းပိုင်းကိုလည်း တင်းတင်းကျပ်ကျပ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တစ်ပွဲနိုင်လျှင် အနိမ့်ဆုံးကျပ်သိန်း ၅၀ချီးမြှင့်မည်ဖြစ်ကြောင်း၊ ယခုရန်ကုန်ယူနိုက်တက်အသင်းမှာ မြန်မာလိဂ်အဆင့်မြင့်တန်းပြိုင်ပွဲဝင်ခဲ့သည့် Air Bagan အသင်းထက် စုစည်းမှုပိုကောင်းလာသလို ကစားသမားများ၏အရည်အသွေးများလည်း ပိုကောင်းလာပါကြောင်း၊ ယခုပရိုအသင်းတိုင်းမှာ ပြင်ဆင်မှုအားကောင်းစွာဖြင့် ပြင်းပြင်းထန်ထန်လေ့ကျင့်နေကြ၍ ပွဲစဉ်တိုင်းမှာ ခက်ခက်ခဲခဲ ယှဉ်ပြိုင်ရမည်ဖြစ်ပါကြောင်း၊ အောင်မြင်မှုရရှိရန်လည်း ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း" ဖြင့် ပြောကြားခဲ့သည်။

**နည်းပြချုပ်**

နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းက "Air Bagan အသင်းကို စပြီးကိုင်တွယ်ကတည်း



**"အောင်မြင်မှုရရှိအောင် ကြိုးပမ်းသွားမှာပါ။"**

ဦးစိုင်းခင်မောင်အေး(C.E.O)
ရန်ကုန်ယူနိုက်တက် F.C

က ပရိုဆန်ဆန် ပြင်ဆင်ထားကြောင်း၊ ယခုပရိုစနစ် ကူးပြောင်းလိုက်ပြီဖြစ်၍ မြန်မာ့ဘောလုံးလောကတိုးတက်ရေးကို အထောက်အကူပြုနိုင်အောင်၊ ထူးချွန်သည့် ဘောလုံးသမားများ ထွက်ပေါ်လာအောင် လုပ်ဆောင်ပေးသွားမည်ဖြစ်သလို အသင်းအောင်မြင်မှုရရှိရန်အတွက်လည်း ကြိုးစားဆောင်ရွက်နေပါကြောင်း၊ ယခုလောလောဆယ် MNL Cup 2009 ပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်နေကြောင်း၊ အတွေ့အကြုံရှိသည့် ကစားသမားများ ပါဝင်လာ၍လည်း အသင်းမှာ ပိုကောင်းလာကြောင်း၊ နိုင်ငံခြားသားကစားသမားများကို ခေါ်ယူနိုင်ရန် စမ်းသပ်လေ့ကျင့်နေပြီး ခေါ်ယူနိုင်ခဲ့ပါက မိမိတို့ ပြည်တွင်းကစားသမားများအတွက် အတွေ့အကြုံသစ်များ ရရှိမည်ဖြစ်ပါကြောင်း၊ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင်အသင်းတိုင်းမှာ မိမိတို့အတွက် အဓိကပြိုင်ဘက်များဖြစ်ပြီး ချန်ပီယံဖြစ်ရန်မှာ ပွဲတိုင်းအမှားနည်းပြီး ရလဒ်ကောင်းရန်လိုကြောင်း" ဖြင့် ပြောကြားခဲ့သည်။

**သူတို့တာဝန်ယူပါဝင်**

ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်းတွင် ဥက္ကဋ္ဌအဖြစ် ဦးပြည့်ဖြိုးတေဇ၊ C.E.O အဖြစ် ဦးစိုင်းခင်မောင်အေး၊ အုပ်ချုပ်သူအဖြစ် ဦးအောင်ကျော်လွင်၊ နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်း၊ လက်ထောက်နည်းပြများအဖြစ် ဦးတင်မောင်ထွန်းနှင့် ဦးအေးနိုင်၊ **(ဂိုး)** နည်းပြအဖြစ် ဦးထွန်းတင့်အောင်၊ အားကစားသမားများအဖြစ် **(ဂိုး)** အောင်အောင်ဦး၊ နိုင်ဇေယျာထွန်း၊ စောအယ်ထူး၊ **(နောက်တန်း)** စိုးလင်းထွန်း၊ အောင်သိုက်၊ ရန်အောင်ဝင်း၊ ငွေအောင်၊ ကျော်ဒွန်း၊ ကျော်စွာဝင်း၊ ဝိုင်းချစ်အောင်၊ ရန်နိုင်ထွန်း၊ **(အလယ်တန်း)** မျိုးမင်းထွန်း၊ တင်ဝင်းအောင်၊ ဒေးဗစ်ဒန်း၊ ဇင်မင်းဦး၊ ကျော်ဇေယျာဝင်း၊ ကြည်လင်း၊ ရာဇာစိုး၊ မောင်မောင်မြင့်၊ ရွှေလှိုင်ဝင်း၊ ပြည့်ဖြိုးအောင်၊ မင်းမင်း၊ **(ရှေ့တန်း)** ကျော်သူရ၊ နိုင်ဦးလွင်နှင့်မြတ်ထူးနိုင်တို့ ပါဝင်ကြသည်။ ။ **(မြန်မာ့အလင်း)**

**ရန်ကုန်ယူနိုက်တက် F.Cအသင်း ဤသို့လေ့ကျင့်နေကြသည်။** (မြန်မာ့အလင်း)



# မန်ယူတို့နိုင်ပွဲရပြီး ဖလားရယူရေးလက်ရွယ် ချယ်လ်ဆီးတို့ အာကြီးကွင်း၌ ဂိုးမိုးရွာ

**အားကစားသတင်းမှတ်စု - မောင်ချစ်ကြည်**

**လန်ဒန် မေ ၁၀**

ပရီမီယာလိဂ်ပွဲစဉ်(၃၆)ကို မေ၁၀ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ လက်ရှိချန်ပီယံမန်ယူက အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ မြို့ခံမန်စီးတီးအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ယူလိုက်သဖြင့် လက်ရှိ ဖလားကာကွယ်ရေးအတွက် အနီးကပ်ဆုံးခြေလှမ်းသို့ လှမ်းလိုက်ပြီဖြစ်သည်။

**မန်ယူနှင့်မန်စီးတီး**

ဘာဘာတော့ဗ်နှင့် တီဗက်ဇ်တို့ တိုက်စစ်အတွဲကို ပတ်ဂျီဆန်၊ စီရိုနယ်ဒို၊ ဖလက်ချာ၊ ဂစ်တို့ကိုဝိုင်းရံပြီး နားလည်မှုရှိရှိ ထိုးဖောက်ကစားခဲ့ရာ ၁၈မိနစ်၌ အလွတ်တည်ကန်ဘောမှတစ်ဆင့် စီရိုနယ်ဒိုက အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။



**ဂိုးသွင်းယူ**

**မန်ယူနှင့်မန်စီးတီးတို့ပွဲတွင် မန်ယူအတွက် အဖွင့်ဂိုးကို တောင်ပံကစားသမား စီရိုနယ်ဒိုက အလွတ်တည်ကန်ဘောမှတစ်ဆင့် ဤသို့ သွင်းယူခဲ့သည်။**
(အင်တာနက်ဓာတ်ပုံ)

မန်စီးတီးတို့ ချေပဂိုးသွင်းယူနိုင်ရေးကြိုးစားရာ တိုက်စစ်မှူးများဖြစ်သည့် ဖလာနီနှင့် ရော်ဘင်ဟိုတို့ရရှိသည့် အခွင့်အရေးများကို အပြည့်အဝအသုံးမချနိုင်ခဲ့သဖြင့် အရာမထင်ဖြစ်ခဲ့ရသည်။ မန်ယူတို့က ဂိုးသွင်းခွင့် ၁၆ကြိမ်ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် ငါးကြိမ်ရရှိခဲ့သည်။ မန်ယူတို့ ဆက်တိုက်ဖိကစားခဲ့ရာ ၄၅ မိနစ်၌ ဘာဘာတော့ဗ်ပေးလိုက်သည့် ဘောလုံးကို တီဗက်ဇ်က မန်စီးတီးဂိုးဧရိယာအစပ်မှ ညာခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် မန်ယူတို့ ဒုတိယဂိုးရရှိခဲ့သည်။ မန်ယူတို့ ပထမပိုင်းပွဲချိန်အတွင်းမှာပင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

မန်စီးတီးတို့ ဒုတိယပိုင်းပွဲချိန်အတွင်း ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် မန်စီးတီးအသင်းဘက်မှ လိုက်လံအားပေးသော လီဗာပူးပရိသတ်များလည်း မျှော်လင့်ချက်ကင်းမဲ့စွာဖြင့် အိမ်ပြန်ခဲ့ရသည်။ မန်ယူတို့ နိုင်ပွဲရသဖြင့် ပရီမီယာလိဂ်ဖလားရယူဆုပ်ကိုင်ရေး လက်ရွယ်လိုက်ပြီ ဖြစ်သည်။

**အာဆင်နယ်နှင့်ချယ်လ်ဆီး**

ချန်ပီယံလိဂ်မှ ထွက်ခဲ့ရသောနှစ်သင်း ပရီမီယာလိဂ်၌ ထိပ်တိုက်ဆုံတွေ့ပွဲဖြစ်သည်။ အာဆင်နယ်တို့ ပွဲအစ ဖိကစားနိုင်ခဲ့သော်လည်း ချယ်လ်ဆီးတို့က အဖွင့်ဂိုးကို ၂၈မိနစ်၌ ဒရော့ဘာ ဂိုးရှေ့ဖြတ်တင်ပေးလိုက်သည့် ဘောလုံးမှတစ်ဆင့် နောက်ခံလူ အဲလက်စ်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးအတွက် ဒုတိယဂိုးကို ၃၉မိနစ်၌ အနယ်လ်ကာတစ်ဦးတည်း ဆွဲယူလာပြီး အဝေးမှ အမှတ်မထင် အပြင်းကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့သည်။ ၄၉မိနစ်၌ အာဆင်နယ်မှ တိုရေး ဘောလုံးဖျက်ထုတ်ရာမှ ဂိုးဝင်သွားသဖြင့် ချယ်လ်ဆီးတို့ တတိယဂိုး ရရှိခဲ့သည်။ အာဆင်နယ်အတွက် ချေပဂိုး တစ်ဂိုးကို မိနစ် ၇၀၌ ဗင့်တနာက ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ ၈၆မိနစ်၌ ချယ်လ်ဆီးအတွက် စတုတ္ထဂိုးကို မာလူဒါက သွင်းယူပေးခဲ့သဖြင့် ချယ်လ်ဆီးတို့ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ။

**ပရီမီယာလိဂ်ပွဲစဉ်(၃၆)အပြီး အသင်းများ၏ ရပ်တည်မှု**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | မန်ယူ | ၃၅ | ၂၆ | ၅ | ၄ | ၈၃ |
| ၂ | လီဗာပူး | ၃၆ | ၂၃ | ၁၁ | ၂ | ၈၀ |
| ၃ | ချယ်လ်ဆီး | ၃၆ | ၂၃ | ၈ | ၅ | ၇၇ |
| ၄ | အာဆင်နယ် | ၃၆ | ၁၉ | ၁၁ | ၆ | ၆၈ |
| ၅ | ဗီလာ | ၃၆ | ၁၆ | ၁၀ | ၁၀ | ၅၈ |
| ၆ | အဲဗာတန် | ၃၆ | ၁၅ | ၁၂ | ၉ | ၅၇ |
| ၇ | ဖူလ်ဟမ် | ၃၆ | ၁၃ | ၁၁ | ၁၂ | ၅၀ |
| ၈ | စပါး | ၃၆ | ၁၃ | ၉ | ၁၄ | ၄၈ |
| ၉ | ဝက်စ်ဟမ်း | ၃၆ | ၁၃ | ၉ | ၁၄ | ၄၈ |
| ၁၀ | မန်စီးတီး | ၃၆ | ၁၄ | ၅ | ၁၇ | ၄၇ |
| ၁၁ | ဝီဂန် | ၃၅ | ၁၁ | ၉ | ၁၅ | ၄၂ |
| ၁၂ | စတုတ် | ၃၆ | ၁၁ | ၉ | ၁၆ | ၄၂ |
| ၁၃ | ဘော်လ်တန် | ၃၆ | ၁၁ | ၇ | ၁၈ | ၄၀ |
| ၁၄ | ဘလက်ဘန်း | ၃၆ | ၁၀ | ၁၀ | ၁၆ | ၄၀ |
| ၁၅ | ပို့စ်မောက် | ၃၆ | ၉ | ၁၁ | ၁၆ | ၃၈ |
| ၁၆ | ဆန်းဒါးလန်း | ၃၆ | ၉ | ၉ | ၁၈ | ၃၆ |
| ၁၇ | ဟူးလ်စီးတီး | ၃၆ | ၈ | ၁၀ | ၁၈ | ၃၄ |
| ၁၈ | နယူးကာဆယ် | ၃၅ | ၆ | ၁၃ | ၁၆ | ၃၁ |
| ၁၉ | မစ်ဒယ်ဘရော့ | ၃၅ | ၇ | ၁၀ | ၁၈ | ၃၁ |
| ၂၀ | ဝက်စ်ဘရွန်း | ၃၆ | ၈ | ၇ | ၂၁ | ၃၁ |

**(အင်တာနက်)**

# မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်

**ရန်ကုန် မေ ၁၀**

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

**နေ့အပူချိန်များမှာ** ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ် မှ ၆ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး မွန်ပြည်နယ်တွင် မေလ၏ ပျမ်းမျှ အပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

**ထူးခြားသည့် နေ့အပူချိန်များမှာ** မုံရွာမြို့နှင့် ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်စီ၊ ညောင်ဦးမြို့နှင့်မင်းဘူးမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၂ ဒသမ ၀၅ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၂၆ လက်မနှင့် ရေးမြို့တွင် ၁ ဒသမ ၁၀ လက်မ တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မေ ၁၁ ရက် ညနေအထိခန့်မှန်းချက်မှာ** မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

● ရွှေဖုံးမှ

### အရှိန်အဟုန်

ထို့ကြောင့် စက်မှုလယ်ယာသို့ အရှိန်အဟုန်မြှင့် ကူးပြောင်းရေးအတွက် အဓိကကြိုးပမ်းဆောင်ရွက်ပေးနေသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနသို့ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်ကာ သိလိုသည်များကို မေးမြန်းခဲ့သည်။

### ရှင်းပြ

"မြန်မာ့လယ်ယာကို စက်မှုလယ်ယာသို့ ကူးပြောင်းရေးအတွက် ဆောင်ရွက်တဲ့နေရာမှာ မြန်မာနိုင်ငံအတွင်း ရေမြေဒေသအလိုက် ကိုက်ညီအသုံးပြုနိုင်တဲ့ တောင်သူတွေအကြိုက် လယ်ယာသုံးစက်ပစ္စည်းတွေ ထုတ်လုပ်ဖို့ နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့တဲ့အတိုင်း ကျွန်တော်တို့ စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ ၂၀၀၉ခုနှစ် ဆန်းပိုင်းကစပြီး လယ်ယာသုံး စက်ပစ္စည်းတွေ တိုးမြှင့်ထုတ်လုပ်ခဲ့ပါတယ်။ အဲဒီလို ထုတ်လုပ်လိုက်တဲ့ လယ်ယာသုံးစက်ပစ္စည်းတွေကို မြန်မာနိုင်ငံတစ်ဝန်း နယ်လှည့်ကားတွေနဲ့ လိုက်လံရောင်းချပေးနေပါတယ်"ဟု စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဝင်းက ဦးစွာရှင်းပြသည်။



"တောင်သူတွေ အသုံးပြုဖို့ ကိုက်ညီတဲ့ စက်မှုလယ်ယာသုံးပစ္စည်း အမယ်သစ်တွေ ထုတ်လုပ်ပေးနေပါတယ်" ဦးနိုင်ဝင်း ဒုတိယညွှန်ကြားရေးမှူး စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်)။

ထို့အပြင် စပါးရိတ်စက် ထုတ်လုပ်ထားမှုမှာလည်း စိတ်ဝင်စားစရာကောင်းလှသည်။ စပါးရိတ်စက်သည် အချိန်တိုအတွင်း စပါးများ ရိတ်သိမ်းနိုင်သဖြင့် သီးထပ်များ စိုက်ပျိုးနိုင်ရန် ရာသီမီလေသည်။ စပါးရိတ်သိမ်းရာတွင် အလေအလွင့်နည်းပါးသဖြင့် စပါး ၇၂ဧက ရိတ်သိမ်း

တစ်နာရီ ဆီစားနှုန်းမှာ ဂါလန်ဝက်ခန့်ဖြစ်သဖြင့် ကုန်ကျစရိတ်လည်း နည်းပါးသည်။ တန်ဖိုးနည်း ဝန်ပါသော လယ်ယာသုံး စက်မျိုးပင်ဖြစ်သည်။

### လေ့လာ

တစ်ဘီးတပ်ထွန်စက်ကို စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုနေသော လှပဒါးကျေးရွာအုပ်စု ညောင်ကုန်းရွာမှ လယ်သမားကြီး ဦးအောင်သွေးကို စေ့ငုမေးမြန်းခဲ့ရာ "ကျွန်တော်က လယ် ၁၀ဧက စိုက်ပါတယ်။ အချိန်ကုန်သက်သာပြီး လုပ်ငန်းတွင်ကျယ်တဲ့ တစ်ဘီးတပ်ထွန်စက်ကို

စိတ်ဝင်စားစွာ ကြည့်ရှုနေကြသည်။ တမန်းလှေသည် တမန်းမွှေရန်အတွက် အဓိကအသုံးပြုရန် ထုတ်လုပ်ထားခြင်းဖြစ်သည်။ မြေကျွံပြီး အခြားစက်များဖြင့် ဆောင်ရွက်၍မရနိုင်သော လယ်မြေများအတွက် အထူးအသုံးဝင်ပြီး မြေမကျွံသည့် လယ်မြေများတွင် ထယ်ထိုးပြီးပါက တမန်းမွှေနိုင်သည်။ ထူးခြားသည်မှာ လယ် မြေဧရိယာ အကျဉ်းအကျယ်မရွေး အသုံးပြုနိုင်ခြင်းပင်ဖြစ်သည်။ တောင်သူများအတွက် လက်တွေ့အသုံးဝင်ပြီး တွက်ခြေကိုက်သည်ဖြစ်ရာ ဝယ်ယူရန် ကြိုးစားနေကြသည်ကို တွေ့ရသည်။



"လယ်ယာသုံးစက်ပစ္စည်း တစ်ခုခုတော့ ဝယ်ဖြစ်မှာပါ" ဦးခင်ရွှေ။

စိတ်ဝင်စားလို့ လာကြည့်တာပါ။ သီးထပ်သီးညှပ်တွေ စိုက်ပျိုးဖို့အတွက် ထွန်စက်သုံးဖို့ လိုလာပြီလေ၊ ဒါကြောင့် ဝယ်ဖို့ လာလေ့လာတာပါ" ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။ ဦးအောင်သွေးမှာ တစ်ဘီးတပ်ထွန်စက်ကို သဘောကျနေပြီး သေသေချာချာ စစ်ဆေးကြည့်ရှုနေသည်ကို တွေ့ရသည်။

### တမန်းလှေ

စက်မှုလယ်ယာမှ ထုတ်လုပ်ထားသည့် တမန်းလှေကလည်း တောင်သူများ

### လုပ်ငန်းတွင်ကျယ်

စက်မှုလယ်ယာစနစ်သို့ အရှိန်အဟုန်ဖြင့် ကူးပြောင်းရာတွင် တောင်သူများ လယ်ယာလုပ်ငန်းခွင်၌ အသုံးတည့်ပြီး လုပ်ငန်းတွင်ကျယ် ပြီးမြောက်စေသည့် စက်မှုလယ်ယာထုတ်စက်ပစ္စည်းများကို စက်မှုလယ်ယာသို့ အရှိန်အဟုန်ဖြင့် ကူးပြောင်းရေး၌ တောင်သူများ အသုံးပြုသင့်ပါကြောင်း ကွင်းဆင်းလေ့လာရေးသား လိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)



### ဖြန့်ဝေရောင်းချ

စက်မှုလယ်ယာ ဦးစီးဌာနသည် ယခင်က လယ်ယာ-၁၆၊ လယ်ယာ-၂၂ ထွန်စက်များကို ထုတ်လုပ်ခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ လယ်ထွန်စက်စခန်းများမှတစ်ဆင့် တောင်သူများအား ရောင်းချခဲ့ခြင်းဖြစ်သည်။ ယခုအခါ လယ်ယာသုံးစက်ပစ္စည်းအမယ်သစ်များကို ဆက်တိုက်ထုတ်လုပ်ကာ တောင်သူများထံ ဖြန့်ဝေရောင်းချပေးနေပြီဖြစ်သည်။ စက်မှုလယ်ယာသို့ ကူးပြောင်းရေးအတွက် ထိရောက်သည့် ဆောင်ရွက်မှုပင် ဖြစ်သည်။

### အဆင်ပြေ

"စက်မှုလယ်ယာ ဦးစီးဌာနက လက်ရှိထုတ်လုပ်နေတဲ့ လယ်ယာသုံးစက်ပစ္စည်းများအနေနဲ့ မျိုးဆက်သစ်လယ်ယာထွန်စက်၊ စပါးရိတ်စက်၊ တစ်ဘီးတပ်ထွန်စက်၊ တမန်းလှေ၊ ခြွေလှေ့စက်နဲ့ စပါးခွံလောင်စာသုံးဓာတ်ငွေ့ထုတ်စက်တွေ ဖြစ်ပါတယ်။ ဒီစက်ပစ္စည်းတွေအားလုံးဟာ တောင်သူတွေ လက်တွေ့သုံးစွဲရာမှာ လယ်ယာလုပ်ငန်းတွေ အဆင်ပြေစေမယ့် စက်ပစ္စည်းတွေဖြစ်ပါတယ်"ဟု ဦးနိုင်ဝင်းက ဆက်လက်ရှင်းပြသည်။

### အကြိုက်တွေ့

မှန်ပေသည်။မျိုးဆက်သစ်လယ်ယာထွန်စက်မှာ မြင်းကောင်ရေပြည့်မီပြီး အရှည်အသွေးမြှင့် အင်ဂျင်ပါရှိပြီး ကြွံခိုင်မှု ပိုမိုရှိခြင်း၊ စက်ကွေ့ရာတွင် လွယ်ကူ သက်သာစေခြင်း၊ အလုပ်ချိန် တစ်ရက်ရှစ်နာရီတွင် ထယ်ထိုးခြင်း သုံးဧကနှင့် ထယ်ထွန်ခြင်း လေးဧကပြီးစီးနိုင်သည်။ ဒီဇယ်ဆီကုန်ကျမှုမှာ တစ်ဧကလျှင် နှစ်ဂါလန်နှင့် ထွန်မွှေခြင်းအတွက် တစ်ဂါလန်ကျော်သာ ကုန်ကျသဖြင့် ဆီစားသက်သာသည်။ တောင်သူများအတွက် တွက်ခြေကိုက်သည့်အပြင် အသုံးဝင်မှုရှိသဖြင့် တောင်သူများ အကြိုက်တွေ့စေမည့် မျိုးဆက်သစ်ထွန်စက်ပင် ဖြစ်သည်။

"တစ်ဘီးတပ် ထွန်စက်ကို ဝယ်ယူအသုံးပြုဖို့ စီစဉ်သွားမှာပါ" ဦးအောင်သွေး တောင်သူ ညောင်ကုန်းရွာ။

## ကြည့်ရှုလေ့လာ

**စက်မှုလယ်ယာထုတ် စက်ပစ္စည်းများကို မှော်ဘီမြို့နယ် လှပဒါးကျေးရွာအုပ်စုမှ တောင်သူများ ကြည့်ရှုလေ့လာနေကြစဉ်။** (မြန်မာ့အလင်း)



ပြီးစီးပါက စက်တန်ဖိုး ကျေနိုင်လေသည်။ စပါးစိုက်ဧကများမှာ စိုက်ပျိုးသူများအတွက် အထူးသင့်လျော်သည့် စပါးရိတ်စက်ပင်ဖြစ်သည်။ တစ်နာရီ လုပ်အားနှုန်းမှာ ကောက်ရိတ်သမ ၂၀နှင့် ညီမျှသည့် စွမ်းအားရှိလေသည်။

### ခြွေလှေ့စက်

ထို့နောက် မှော်ဘီမြို့နယ် လှပဒါးကျေးရွာတွင် တောင်သူများအား လက်တွေ့ပြသထားသည့် တစ်ဘီးတပ်ထွန်စက်၊ တမန်းလှေနှင့် ခြွေလှေ့စက်များကို သွားရောက်လေ့လာခဲ့သည်။ တစ်ဘီးတပ်ထွန်စက်မှာ မြင်းကောင်ရေ ငါးကောင်နှင့် ခြောက်ကောင်အားများ ဖြစ်ပြီး ဒီဇယ်အင်ဂျင်တပ်ဆင်ထားသည်။ စွမ်းအားမှာ တစ်နာရီလျှင် ဒသမ ၂၅ဧက ထယ်ထိုးနိုင်ပြီး စက်တုံးဖြင့် ထွန်မွှေလျှင် တစ်နာရီ ဒသမ ၅ဧကပြီးစီးနိုင်ကြောင်း သိရသည်။

**တောင်သူများ လယ်ယာလုပ်ငန်းခွင်၌ အသုံးတည့်ပြီး လုပ်ငန်းတွင်ကျယ် ပြီးမြောက်စေသည့် စက်မှုလယ်ယာထုတ် စက်ပစ္စည်းများကို စက်မှုလယ်ယာသို့ အရှိန်အဟုန်ဖြင့် ကူးပြောင်းရေး၌ တောင်သူများ အသုံးပြုသင့်ပါကြောင်း။**

---

## မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် မေ ၁၀

### ပထဝီဆိုင်ရာသင်တန်းပို့ချမည်

*မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် Myanmar Credent Technology တို့ ပူးပေါင်းစီစဉ်မှုဖြင့် ပထဝီဆိုင်ရာ သတင်းအချက်အလက်များကို ကောက်ယူ၊ တည်းဖြတ်၊ ထုတ်လုပ်အသုံးချပုံစနစ်သင်တန်းကို ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ e-Learning Center ၌ ဇွန် ၂၅ရက်မှ ဩဂုတ် ၆ရက်အထိ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အဆောင် ၄၊ အခန်း ၄ ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ် သတင်းပေးသွင်းနိုင်သည်။*

### မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်မည်

*မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ၂၁ရက်နှင့် ၂၂ရက်တို့တွင် ရန်ကုန်မြို့ရှိ မြန်မာဂေါက်သီးရိုက်အသင်း(ဇမိုင် ပြည်လမ်း)၌ ကျင်းပမည်ဖြစ်ရာ မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်အားကစားသမားများသည် မေ၁၉ရက် မွန်းလွဲ၂နာရီ နောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက်အသင်း(ဇမိုင် ပြည်လမ်း)သို့ စာရင်းပေးသွင်းရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၆၆၁၇၀၂ သို့ ဆက်သွယ်နိုင်သည်။*

### ပန်းအလှပြင်နှင့် သစ်ခွစိုက်ပျိုးရေးသင်တန်းဖွင့်မည်

*မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ အခြေခံပန်းအလှပြုပြင်မှုသင်တန်း(၂/၂၀၀၉)ကို မေ ၂၀ရက်မှ ၂၇ရက်အထိ မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ လည်းကောင်း၊ စီးပွားဖြစ်သစ်ခွစိုက်ပျိုးမှုသင်တန်း(၁/၂၀၀၉)ကို ဇွန် ၁ရက်မှ ၁၂ရက်အထိ နံနက် ၉နာရီမှ ညနေ ၄နာရီအထိလည်းကောင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ ပြည်ထောင်စုအေးရိပ်ငြိမ်၌ ဖွင့်လှစ်မည်ဖြစ်ရာ ဖုန်း-၃၇၉၃၆၁သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။*

### ဖြူးမြို့နယ်အသင်း (ရန်ကုန်) စုံညီစည်းဝေးမည်

*ဖြူးမြို့နယ်အသင်း(ရန်ကုန်)၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်စုံညီအစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို မေ၂၃ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ခမ်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။*

### ဖွံ့ဖြိုးရေးတက္ကသိုလ်သင်တန်းများ ဇွန်(၁)ရက်ဖွင့်မည်

*၂၀၀၉-၂၀၁၀ပညာသင်နှစ်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ နှစ်စဉ် ပုံမှန်သင်တန်းများဖြစ်သော မဟာပညာရေးဘွဲ့ နှစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့(ဘီအီးဒီ)လေးနှစ်သင်တန်းများ၊ အလယ်တန်းဆရာအတတ်သင် တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့(ဘီအီးဒီ) တစ်နှစ်သင်တန်းနှင့် ပညာရေးဘွဲ့(ဘီအီးဒီ)ပေါင်းကူး နှစ်နှစ်သင်တန်းတို့ကို ဇွန်၁ရက် (တနင်္လာနေ့)တွင် စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်းသိရသည်။*

### ဇီဝဓာတ်ငွေ့ထုတ်လုပ်မှု ၁၀မြို့နယ်၌ပြုလုပ်ရန်စီစဉ်

*ဇီဝဓာတ်ငွေ့ကို အသုံးပြု၍ သရုပ်ပြသ တည်ဆောက်ပေးမှုကို မြန်မာနိုင်ငံအတွင်းရှိ မြို့နယ် ၁၀ခု၌ ပြုလုပ်သွားရန်စီစဉ်လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သတင်းရရှိသည်။*

### မန္တလေး မြို့တည် နန်းတည် နှစ်(၁၅၀)ပြည့်ပွဲတော် သုံးရက်ကျင်းပမည်

*ရတနာပုံ မန္တလေးမြို့တည် နန်းတည် နှစ်(၁၅၀)ပြည့်ပွဲတော်ကို မေ ၁၄ရက်မှ ၁၆ရက်အထိ သုံးရက်ကျင်းပမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။*

### စာတွေ့လေယာဉ်မှူးသင်တန်းခေါ်ယူမည်

*လိုင်စင်ရ လေယာဉ်မှူးသင်တန်း၏ မြေပြင်စာတွေ့သင်တန်းအမှတ်စဉ်(၂)ကို ဇွန်လ အတွင်း ထပ်မံဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်ခွင့် လျှောက်လွှာများကို မေ၂၀ရက် နောက်ဆုံးထား၍ လေကြောင်းညွှန်ကြားမှုဦးစီးဌာန သင်တန်းကျောင်းသို့ လျှောက်ထားနိုင်ကြောင်း သိရသည်။*

### အင်္ဂလိပ်စာသင်ကြားရေးဆိုင်ရာ ညီလာခံကျင်းပမည်

*အင်္ဂလိပ်စာသင်ကြားရေးဆိုင်ရာ ညီလာခံကို ဇွန် ၆ရက်နှင့် ၇ရက်တို့တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ကျင်းပမည်ဖြစ်ရာ အင်္ဂလိပ်စာသင်ကြားရေး နည်းစနစ်များ၊ ချဉ်းကပ်သင်ကြားပုံများနှင့် လက်တွေ့လုပ်ရှားဆောင်ရွက်မှုများကို ဆွေးနွေးကြမည်ဖြစ်သည်။ အဆိုပါညီလာခံကို ဗြိတိသျှကောင်စီနှင့် English Language Teaching Contacts Scheme တို့က ဦးဆောင်ကျင်းပမည်ဖြစ်သည်။*

### မိုဘိုင်းဖုန်းဖြင့် အီးမေးလ်ပို့စနစ် မကြာမီစတင်မည်

*မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် Information Technology Central Services (ITCS) ကုမ္ပဏီတို့ ပူးပေါင်း၍ မိုဘိုင်းဖုန်းများပေါ်တွင် အသုံးပြုနိုင်သည့် အပြာရောင်ချယ်ရီ (Blue Cherry) အမည်ရှိ အီးမေးလ်ဝန်ဆောင်မှုကို ဩဂုတ်လတွင် စတင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။* **(မြန်မာ့အလင်း)**

**စုစည်းရေးသားသူ - ထိန်လင်း**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

**လှူဒါန်းနိုင်**

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

**ဆက်သွယ်နိုင်**

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

**ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ**

## လူငယ်ကျန်းမာရေးနှင့် အေအိုင်ဒီအက်(စ်) ကာကွယ်တားဆီးရေး သင်တန်းဖွင့်လှစ်

ရန်ကုန် မေ ၁၀

တတိယအကြိမ်မြောက် လူငယ်ကျန်းမာရေးနှင့် အေအိုင်ဒီအက်(စ်) ကာကွယ်တားဆီးရေး သင်တန်းဖွင့်ပွဲကို ဧပြီ ၂၃ရက် နံနက် ၈နာရီခွဲတွင် ဇေယျာဝတီတိုင်း ပုသိမ်မြို့ မြန်မာနိုင်ငံ ဆရာဝန်အသင်း (ပုသိမ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း(ပုသိမ်)ဥက္ကဋ္ဌ အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာကြည်ဖေက အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းကို မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)မှ စီမံချက် မန်နေဂျာ ဒေါက်တာ ဦးခိုင်စိုးဝင်း ခေါင်းဆောင်သော ဆရာဝန်များအဖွဲ့နှင့် ကမ္ဘာ့ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) တို့၏ ပံ့ပိုးကူညီမှုဖြင့် သင်တန်းသား ၄၂ ဦးတို့အား ဧပြီ ၂၃ ရက်မှ ၂၆ ရက်အထိ ပို့ချခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း မြို့နယ်လုံးဆိုင်ရာ (၁၆)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်း ပွဲတော်ကြီးကိုကိုးထပ်ကြီးဘုရား ဂေါပကအဖွဲ့မှ ကြီးမှူး၍ ကဆုန်လပြည့်(ဗုဒ္ဓနေ့)က ပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် ဂေါပကအဖွဲ့ဝင်များ၊ အသင်းအဖွဲ့များ စုပေါင်း၍ သွန်းလောင်းကြစဉ်။ (၁၀၃)

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဆင်း

ရန်ကုန် မေ ၁၀

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ မြို့နယ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ကြီးကြပ်မှုကော်မတီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း(၁/၂၀၀၉)ဆင်းပွဲကို မေ ၅ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသက်ဇင်ဦးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားခေါင်းဆောင်သို့ ပေးအပ်သည်။

ဆက်လက်၍ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၀၉)ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော အလှူရှင်များကို ဂုဏ်ပြုလွှာများပေးအပ်ချီးမြှင့်ပြီး ပထမဆုရရှိသူ ဒေါ်ခင်အုန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**



* ကျောဖုံးမှ

*နေ့ကြွေးစေသဖြင့် သွေးတိုးရောဂါဖြစ်ပွားစေရန် တွန်းအားပေးသကဲ့သို့ဖြစ်စေကြောင်းလည်း ၎င်းတို့က ထောက်ပြထားသည်။*

*အဝလွန်*

*ညအချိန် အစာစားသုံးပြီး ချက်ချင်း အိပ်စက်သူ ၅၅၀ ကို သုတေသနပြု လေ့လာခဲ့ရာ သွေးတိုးရောဂါနှင့်အဝလွန်မှု ဖြစ်ပွားသူဦးရေသည် ၂၂ ရာခိုင်နှုန်း ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။ ။*

## သက်ကြီးဆရာဝန်ကြီးများနှင့် ဆင်းရဲသောလူနာများအား ငွေလှူဒါန်း

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံဆရာဝန်အသင်း(ပုသိမ်)က စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး အစီအစဉ်အဖြစ် မတ် ၂၅ ရက်တွင် ဧရာဝတီတိုင်း ပုသိမ်မြို့ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ပုသိမ်) အစည်းအဝေးခန်းမ၌ ကလေးသူငယ်များအား နှိပ်စက်ခြင်းကြောင့်ရရှိသော ဒဏ်ရာများအကြောင်း (Child Abuse)ကို ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်မာဦးက ဟောပြောဆွေးနွေးသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် မြန်မာနိုင်ငံဆရာဝန်အသင်း (ပုသိမ်)ဥက္ကဋ္ဌ အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာကြည်ဖေက မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် မင်္ဂလာနှစ်ဦးအလှူအဖြစ် သက်ကြီးဆရာဝန်ကြီးနှစ်ဦးအား ငွေကျပ်သုံးသောင်းခွဲစီ ပူဇော်ကန်တော့ပြီး ပုသိမ်အထွေထွေရောဂါကုဆေးရုံကြီး ကလေးလူနာဆောင်၌ Child Abuse Case ဦးခေါင်းဒဏ်ရာဖြင့် တက်ရောက်ကုသလျက်ရှိသော တစ်နှစ်အရွယ်သမီးငယ်နှင့် အေအိုင်ဒီအက်(စ်)ရောဂါခံစားနေရသော (၁၀)နှစ် သမီးငယ်တို့အား ငွေကျပ် ငါးသောင်းစီကို ကလေးကုသဆောင် တာဝန်ခံဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်မာဦးမှတစ်ဆင့် ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အင်တာနက်နှင့် အီးမေးလ် သင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် **Information Channel(i-Channel)** တို့ ပူးပေါင်းစီစဉ်မှုဖြင့် **Internet** နှင့် **e-mail** သင်တန်း အမှတ်စဉ်(၆/၂၀၀၉)ကို မေ ၂၅ရက်မှစ၍ ၈ရက်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းသူ အမျိုးသမီး ၃၀သာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဖုန်း-၂၅၂၅၈၉ အောင်ဆန်း အားကစားပြိုင်ဝင်း အနောက်ဘက်တန်းတွင် ရယူ၍ မေ ၂၂ ရက် နောက်ဆုံးထား ပေးပို့ရမည်ဖြစ်သည်။ (အမျိုးသမီးရေးရာ)



**ဆုချီးမြှင့်**

၂၀၀၉ခုနှစ် သက်တန်းအလိုက် လူငယ်တံခွန်စိုက်နှင့် စီနီယာတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် အသက်(၁၂)နှစ်နှင့်အောက် လူငယ်တံခွန်စိုက်ပြိုင်ပွဲ၌ တတိယဆုရ မောင်ဒီခွန်ဇော်အား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက ဆုပေးအပ်ချီးမြှင့်စဉ်။ (အဖွဲ့ချုပ်)

**ဆွေးနွေးဟောပြော**

မေ ၁၀ရက်က ရန်ကုန် အနောက်ပိုင်းခရိုင် အလုံမြို့နယ် စောရန်ပိုင် အနောက်ရပ်ကွက် အမက(၁၁)တွင် မူခင်းကျူးဆင်းရေးဇုန်အဖြစ် ဆောင်ရွက်ရာ မူခင်းကျူးဆင်းရေး အသိပညာပေးဆွေးနွေးမှုကို ဒုရဲမှူးတင့်ဝေက ဆွေးနွေးဟောပြောစဉ်။

(အလုံမြို့နယ် ရဲတပ်ဖွဲ့)





မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသည့် ဗောဓိတစ်ထောင်ကျောင်းတော်ရှေ့ ချောင်းကူးသစ်သားတံတား တည်ဆောက်မှုကို မေ ၂၇ရက်က အမှုဆောင်အရာရှိ ဦးမြတ်စိုးနှင့် အင်ဂျင်နီယာမှူး ဦးသင်းမင်းလတ်တို့ ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

# ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်ပွဲ သီပေါ၌ကျင်းပ

သီပေါ မေ ၅

**ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကြက်ခြေနီတပ်ဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၈ရက် နံနက် ၉နာရီက အမှတ်(၁) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။** (အောက်ပုံ)



## ရှင်းလင်း

ရှေးဦးစွာ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်နှင့် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ခရိုင်ဆရာဝန်ကြီး ဒေါက်တာရီရီထွေးတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ တပ်ခွဲမှူး ဦးဇော်အောင်ဝင်းက သင်တန်းစီမံချက်နှင့် သင်တန်းတွင်လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

## တက်ရောက်

အဆိုပါသင်တန်းသို့ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်လူငယ်၆၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်ကြောင်း သိရသည်။

(ဝ၂ဝ)

ဧပြီ၃၀ရက်က ပုသိမ်မြို့အထက(၂)ကျောင်းသားဟောင်းများဖြစ်ကြသော ပုသိမ်မြို့ ရွှေဝတ်မှုံ(၂)လမ်းနေ ဒုတိယဗိုလ်မှူးကြီးလှခင်(ငြိမ်း)-ဒေါ်အေးအေးသီ၊ မြေး- မမှုက္ခရာသီရိမွေးနေ့အဖြစ် ဗလာစာအုပ်ဒါဇင်၁၀၀နှင့် ဘောပင် ၃၀၀လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးချစ်လွင် လက်ခံယူစဉ်။ (၁၅၇)

# မုဒုံဘိုးဘွားရိပ်သာ၌ သက်ကြီးပူဇော်

မုဒုံ မေ ၁

မုဒုံဘိုးဘွားရိပ်သာတည်ထောင်သည့် နှစ်(၂၀)ပြည့် အထိမ်းအမှတ်အဖြစ် ရိပ်သာကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသော သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁၇ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့)က ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

## တက်ရောက်

အခမ်းအနားသို့ ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စေတနာရှင်၊ အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် အဘိုးအဘွားများအား ရိပ်သာကော်မတီက ဝတ်စုံများ၊ ခေတ္တ ကိုရီးယားရောက် (မုဒုံ)လူငယ်များက အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀နှင့် စေတနာရှင် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။**(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**





# ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး စာအုပ်များလှူဒါန်းပွဲ ခင်ဦး၌ကျင်းပ

ခင်ဦး မေ ၄

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မြကန်ကျေးရွာပညာရဲရင့်စာကြည့်တိုက်၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲကို ဧပြီ၂၅ရက်က အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ဆန်းက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် စာငှားစနစ်ကျင့်သုံးရေး၊ စာအုပ်စာစောင် တိုးပွားရေးနှင့် အလှူရှင်တိုးပွားရေးတို့ကို ရှင်းလင်းဟောပြောဆွေးနွေးသည်။

## လှူဒါန်း

ဆက်လက်၍ စာကြည့်တိုက်အတွက် စာအုပ် စာစောင်များကို မြို့နယ် ဦးစီးမှူးက လှူဒါန်းရာ မြကန်ကျေးရွာဥက္ကဋ္ဌ ဦးသန်းဝင်းက လက်ခံယူပြီး ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ် သတင်းများ

# မိုးကောင်းမြို့၌ စီမံကိန်းတာဝန် ပေးအပ်ပွဲကျင်းပ

မိုးကောင်း မေ ၁

မိုးကောင်းမြို့နယ် ၂၀၀၉-၂၀၁၀ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၃၀ရက် ညနေ၃နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ငွေက အဖွင့်အမှာစကားပြောကြားပြီး ကဏ္ဍအလိုက် စီမံကိန်းတာဝန်များကို တာဝန်ရှိသူများထံ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ငွေက ပေးအပ်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**




# ကျေးရွာတိုင်း ဘိုင်အိုဘက်ထရီပြုလုပ်အသုံးချမှု သံဖြူဇရပ်မြို့နယ်တွင် ပြသရှင်းလင်း

သံဖြူဇရပ် မေ ၁

**သံဖြူဇရပ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူး၍ ဘိုင်အိုဘက်ထရီ (ဇီဝဓာတ်ခဲ)ပြုလုပ်အသုံးချမှုအား ပြသရှင်းလင်းခြင်းနှင့် အသင့်ပြုလုပ်ပြီး ဘိုင်အိုဘက်ထရီနမူနာပုံးများကို ကျေးရွာများသို့ပေးအပ်ခြင်း အခမ်းအနားကို ဧပြီ ၂၁ ရက်နံနက်က မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

## ရှင်းလင်းဆွေးနွေး

အဆိုပါ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်က ဒေသထွက်ကုန်ပစ္စည်း ဖြစ်သည့် နွားချေး၊ ဆားကြမ်းနှင့် အသုံးပြုပြီး ဓာတ်ခဲအဟောင်းများကို အသုံးချကာ ဘိုင်အိုဘက်ထရီမီးကို ရပ်ကွက်၊ ကျေးရွာတိုင်း ပြုလုပ်အသုံးပြုရေး ရှင်းလင်းဆွေးနွေးသည်။

## ပေးအပ်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်မှ အသင့်ပြုလုပ်ပြီး ဘိုင်အိုဘက်ထရီနှင့်ဆက်စပ်ပစ္စည်းများကို ကျေးရွာဥက္ကဋ္ဌများထံ ပေးအပ်ခဲ့သည်။ **(ယာပုံ)**

**(မြို့နယ် ပြန်/ဆက်)**



# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်နည်း ကျောက်မဲ၌သရုပ်ပြ

ကျောက်မဲ ဧပြီ ၃၀

**မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့အဝင် ကွဲကုန်းကျေးရွာထိပ်လမ်းခွဲ၌ ဧပြီ၂၅ရက် နံနက် ၉ နာရီက ကျင်းပသည်။**

လက်တွေ့သရုပ်ပြပွဲသို့ ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးလွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျောက်မဲမြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်ပိုင်ရှင်များ တက်ရောက်ကြသည်။

အဆိုပါ သရုပ်ပြပွဲတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးကျော်နိုင်စိုး ခေါင်းဆောင်သော မီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် အင်အား ၅၅ ဦးတို့က မီးသတ်ယာဉ် နှစ်စီးနှင့် အပေါ့စား မီးသတ်ယာဉ်နှစ်စီးတို့ဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်ခြင်းများ သရုပ်ပြကြပြီး မီးဘေးအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး ပြောကြားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မြို့နယ်မီးသတ်)**

# ဒေသခံပြည်သူများ ရေဖူလုံစွာသုံးစွဲနိုင်ရန်ဖြည့်ဆည်းပေးမည့် တောင်ကြီးမြို့မှ ထီးသိမ်ရေကူတမံ



တောင်ကြီးမြို့ပြည်သူများအား သောက်သုံးရေ ပေးဝေလျက်ရှိသော ထီးသိမ်ရေလှောင်ကန်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

## အဝလွန်ရခြင်း

### ညအချိန် အိပ်စက်အနားယူခြင်းမပြုမီ အစာစားသုံးလျှင် အဝလွန်ခြင်းနှင့် သွေးတိုးရောဂါတို့ဖြစ်ပွားနိုင်



ညအချိန် အိပ်စက်အနားယူခြင်း မပြုမီ အစားအစာစားသုံးခြင်းသည် ကျန်းမာရေးကို ထိခိုက်စေပြီး အဝလွန်ခြင်းနှင့် သွေးတိုးရောဂါများ ဖြစ်ပွားစေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

**သတိပေး**

ညအချိန်တွင် ရုပ်မြင်သံကြားဇာတ်လမ်းများ ကြည့်ရှုခြင်းနှင့် နာရီများစွာ အလုပ်လုပ်ကိုင်ခြင်းတို့အပြီး အစားအစာ စားသုံးခြင်းတို့သည် ခန္ဓာကိုယ်အတွင်း ကယ်လိုရီများ စုပြုံများပြားစေပြီး အဝလွန်မှုဖြစ်ပေါ်စေကြောင်း ၄င်းတို့က သတိပေးထားသည်။

**တွန်းအားပေး**

ထို့အပြင် ညအချိန်အစာစားသုံးပြီး ချက်ချင်းအိပ်စက်ခြင်းသည် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါများ ရရှိစေရန် တွန်းအားပေးသကဲ့သို့ ဖြစ်စေကြောင်း၊ အစာစားသုံးပြီးချင်း အိပ်စက်ပါက သွေးလည်ပတ်စီးဆင်းမှုကို စာမျက်နှာ ၁၂ ကော်လံ ၁ *

သတင်းခရီးသည်-ဝင်းကျော် ❑ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း) ❑ စာမျက်နှာဖွဲ့စည်းမှု-တိုးလွင် (မြန်မာ့အလင်း)

**တောင်ကြီး မေ ၁၀ (ဖက်စ်)**

ရေ....။ လူတို့အတွက် နေ့စဉ်နှင့်အမျှ မရှိမဖြစ် သုံးစွဲနေရသောအရာကား ရေဖြစ်သည်။ လူ့ပတ်ဝန်းကျင်အတွက် ရေရရှိနိုင်သော အရင်းအမြစ်များမှာ သဘာဝမိုးရေ၊ မြေအောက်ရေ၊ လူတို့ စီမံဖန်တီးထားသော ဆည်မြောင်း၊ ကန်၊ တာတမံများမှ သိုလှောင်ထားသောရေများ ဖြစ်သည်။ လူတို့အသက်ရှင်ရန်နှင့် ကျန်းမာရေးအတွက် သန့်ရှင်းသောရေ သုံးစွဲနိုင်ရန် အရေးကြီးပေသည်။

**စီမံဆောင်ရွက်ထား**

တောင်ကြီးမြို့ရှိ မြို့နေပြည်သူများအတွက် ရေလိုအပ်ချက်ပမာဏကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဖြည့်ဆည်းနိုင်ရန် စီမံဆောင်ရွက်ထားသည်များကို မြန်မာ့အလင်းသတင်းအဖွဲ့ မေ၇ရက်က တောင်ကြီးမြို့သို့ ရောက်ရှိခိုက် သွားရောက်လေ့လာကြည့်ရှုခဲ့ကြသည်။ စာမျက်နှာ ၇ ကော်လံ ၁ ■

## ထူးခြားသည့် နေ့အပူချိန်

(၁၀-၅-၂၀၀၉)

| | | |
|---|---|---|
| မုံရွာ | ၄၅ | ဒီဂရီစင်တီဂရိတ် |
| ချောက် | ၄၅ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦး | ၄၄ | ဒီဂရီစင်တီဂရိတ် |
| မင်းဘူး | ၄၄ | ဒီဂရီစင်တီဂရိတ် |

## မှတ်သားဖွယ်ရာမိုးရေချိန်

(၁၀-၅-၂၀၀၉)

| | |
|---|---|
| ထားဝယ် | ၂ ဒသမ ၀၅ လက်မ |
| မြိတ် | ၁ ဒသမ ၂၆ လက်မ |
| ရေး | ၁ ဒသမ ၁၀ လက်မ |

# မြန်မာ့ဘောလုံးလောကတိုးတက်ရေး အထောက်အကူပြုမည့် Air Bagan F.C မှ ပေါက်ဖွားလာသည့် ရန်ကုန်ယူနိုက်တက် F.C



ရန်ကုန်ယူနိုက်တက်အသင်း နည်းပြချုပ် ဦးမျိုးလှိုင်ဝင်း နည်းစနစ်ပိုင်းဆိုင်ရာ သင်ကြားပြသနေစဉ်။ (မြန်မာ့အလင်း)

သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင်

စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

**ရန်ကုန် မေ ၁၀**

မြန်မာ့ဘောလုံး ပရိုစနစ်သို့ကူးပြောင်းပြီး မြန်မာနေရှင်နယ်လိဂ် MNL Cup 2009 ဘောလုံးပြိုင်ပွဲကို မေ၁၆ရက် (စနေနေ့)တွင် ကျင်းပတော့မည်ဖြစ်သည်။ မြန်မာ့ဘောလုံး တိုးတက်အောင်မြင်ရေးအတွက် အမှန်တကယ်ထိရောက်သည့် ပြောင်းလဲမှုတစ်ခုဖြစ်သလို မြန်မာဘောလုံးပရိသတ်များကလည်း စိတ်ဝင်တစား ကြိုဆိုခဲ့ကြသည်။ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် မြန်မာ့ဘောလုံးကို ချစ်မြတ်နိုးသော၊ တိုးတက်အောင်မြင်စေလိုသော တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်ရှစ်ဦးမှ တည်ထောင်ထားသည့် ပရိုကလပ်ရှစ်သင်းမှ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါ ပရိုကလပ်ရှစ်သင်းမှာ ပြည်နယ်၊ တိုင်းများကို ကိုယ်စားပြု၍ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ရန်ကုန်တိုင်း ကိုယ်စားပြုယှဉ်ပြိုင်မည့် ရန်ကုန်ယူနိုက်တက် F.C လည်း အပါအဝင်ဖြစ်သည်။ ရန်ကုန်ယူနိုက်တက် F.C မှာ အပျော်တမ်းစနစ်ဖြင့် ပြုလုပ်ခဲ့သည့် မြန်မာလိဂ် အဆင့်မြင့်တန်းပြိုင်ပွဲဝင် Air Bagan F.C မှ ပေါက်ဖွားလာသည့်အသင်းဟု ဆိုရမည်ဖြစ်သည်။ စာမျက်နှာ ၁၀ ကော်လံ ၁ ●